The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 26, NO. 4 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | April 6, 2026

## သတင်းနှင့် ဆောင်းပါးအညွှန်း

သဘာဝက ဖန်တီးပေးသည့် လက်ဆောင်များဖြင့် ထုတ်လုပ်ထားသော ယနေ့ခေတ်စားလာသည့် Eco Printing သဘာဝထုတ်ကုန် အထည်များနှင့် ယနေ့ဈေးကွက်
စာမျက်နှာ - ၁၉ ➤

ပြည်ပရင်းနှီးမြှုပ်နှံမှုများတွင် ကန်ဒေါ်လာအပြင် တရုတ်ယွမ်ငွေဖြင့်ပါ လက်ခံမည်
စာမျက်နှာ - ၂၀ ➤

အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ မတူကွဲပြားသည့် ကုန်သွယ်ရေး မဟာဗျူဟာများ
စာမျက်နှာ - ၂၄ ➤


အာဆီယံဒေသ စုပေါင်းရင်းနှီးမြှုပ်နှံမှု အစီအစဉ် (၂)
စာမျက်နှာ - ၂၆ ➤

# ရွှေတြိဂံဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနေသည့် နယ်စပ်ကုန်သွယ်ရေး

စာမျက်နှာ - ၃ ➤







# မတ်ပဲနှင့် ပဲစင်းငုံ လွတ်လပ်စွာ တင်ပို့ခွင့် တစ်နှစ်သက်တမ်း တိုးမြှင့်

စာမျက်နှာ - ၂၀ ➤




ဈေးနှုန်းလည်းမှန်၊ ကျန်းမာရန်၊ 'ရှမ်းပဲပုပ်'ဆီ ရွေးချယ်ရန်
ရှမ်းပဲပုပ်
ရှမ်းပဲပုပ် ပဲပုပ်ဆီ
၁၀၀% ပဲပုပ်ဆီ စစ်စစ်
မိသားစုတိုင်း
နေ့စဉ်သုံး
FDA အသိအမှတ်ပြု
"Refined Soybean Oil (MGND Solvent Extraction & Refinery Plant)"

# ရွှေတြိဂံဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနေသည့် နယ်စပ်ကုန်သွယ်ရေး

သန္တာ (မောရှမ်းမြေ)




ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တာချီလိတ်မြို့သည် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတက်တက်သည့် ဒေသတစ်ခုဖြစ်သည်။ နယ်စပ်ကုန်သွယ်မှုကြောင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်သည်သာမက နိုင်ငံ့စီးပွား တိုးတက် ကောင်းမွန်ရေးအတွက်လည်း များစွာ အထောက်အကူပြုလျက် ရှိနေသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် မူဝါဒများနှင့် အညီ မျှော်မှန်းချက်၊ ရည်မှန်းချက်များ ချမှတ်ကာ နယ်စပ်ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ကုန်သွယ်ရေးဦးစီးဌာန၏ မျှော်မှန်းချက်(Vision) ဖြစ်သည့် ကုန်သွယ်မှုဖြင့် အမျိုးသားအကျိုးစီးပွားကို တိုးတက်မြင့်မားစေရန်၊ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်မှုပတ်ဝန်းကျင် ကောင်းမွန်စေရေး၊ မှန်ကန်မျှတသော ကုန်သွယ်မှုစနစ်ဖြစ်စေရေး ထိန်းညှိဆောင်ရွက်ရန်၊ ဝန်ထုပ်ဝန်ပိုး ဖြစ်ပေါ်စေမည့် လုပ်ငန်းစဉ်များကို ဖြေလျှော့၍ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန်၊ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ခေတ်မီနည်းပညာများ အသုံးပြု၍ ပံ့ပိုးကူညီရန်၊ နိုင်ငံစုံနှင့် ဒေသတွင်း ကုန်သွယ်မှု စနစ်များတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပြီး နှစ်နိုင်ငံကုန်သွယ်မှု ဆက်ဆံရေးများ တိုးမြှင့်တည်ဆောက်ရန်၊ ကုန်သွယ်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အစိုးရနှင့် ပုဂ္ဂလိက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရန်ဆိုသည့် ရည်မှန်းချက်(Mission)များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည်။

ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်၏ စီးပွားရေးအတွက် မောင်းနှင်အားဖြစ်သလို ပြည်သူများ၏ နေ့စဉ်လူမှုဘဝ တိုးတက်မြင့်မားရေးအတွက်လည်း ထိရောက်စေမည်လည်းဖြစ်သည်။ ကုန်သွယ်မှုမှရရှိသော အကောက်ခွန်(Customs Duty) နှင့် ကုန်သွယ်လုပ်ငန်းခွန်များသည် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ စသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ရန်အတွက် အဓိကဘဏ္ဍာငွေ အရင်းအမြစ်များ ရရှိစေမည်ဖြစ်သည်။ ထို့ပြင် ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP) မြင့်မားတိုးပွားစေခြင်း၊ ကုန်သွယ်မှုပမာဏ များပြားလာခြင်းကြောင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို တိုက်ရိုက်အထောက်အကူ ပြုစေမည်လည်းဖြစ်သည်။

အလားတူ အာဆီယံ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာအလယ်တွင် မြန်မာ့စီးပွားရေးအခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်ခြင်းလည်းဖြစ်သည်။ ပို့ကုန်လုပ်ငန်းများဖွံ့ဖြိုးလာခြင်းကြောင့် ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်သည်။ မရှိမဖြစ်လိုအပ်သည့် စားသုံးဆီ၊ စက်သုံးဆီနှင့် ဆေးဝါးများကို မူဝါဒဖြင့် စနစ်တကျ တင်သွင်းခွင့်ပြုထားသည်။ ထို့ပြင် နယ်စပ်သွင်းကုန်များ၏ အရည်အသွေးများကို စနစ်တကျ စစ်ဆေးကြပ်မတ်ပေးခြင်းကြောင့် ပြည်သူများအနေဖြင့် ဘေးအန္တရာယ်ကင်းသည့် အစားအသောက်နှင့် အရည်အသွေးမီ လူသုံးကုန်ပစ္စည်းများကို သုံးစွဲနိုင်မည်ဖြစ်သည်။

အဓိကအားဖြင့် ပို့ကုန်များမှ ရငွေများဖြင့် နိုင်ငံခြားငွေလဲနှုန်း တည်ငြိမ်စေရန် အထောက်အကူပြုခြင်း၊ သွင်းကုန်အစားထိုးခြင်းကြောင့် ပြည်တွင်း MSME လုပ်ငန်းများ တိုးတက်အောင်မြင်လာနိုင်ခြင်း၊ Tradenet 2.0 စနစ် ဆောင်ရွက်ပေးမှုမှ လုပ်ငန်းရှင်များအတွက် အချိန်နှင့် ကုန်ကျစရိတ် သက်သာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

ဆန်၊ ဆန်ကွဲ၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်းတက်၊ မန်ကျည်းသီး(အစေ့မပါ)၊ ချဉ်ပေါင်ဖာလာ (အခွံပါ)၊ ပြောင်း၊ ဝဥ(အစို၊အခြောက်)၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ကော်ဖီစေ့၊ ဆီးသီးခြောက်၊ ဆီးဆန်၊ ကွမ်းသီး၊ ကွမ်းစားဂမုန်း၊ လက်ဖက်ခြောက်၊ လိမ္မော်သီး၊ ထောပတ်သီး၊ ငရုတ်သီး(စိမ်း၊ခြောက်)၊ ဆေးရွက်ကြီးဖြတ်စ၊ ဆီးဖြူသီးခြောက်၊ ရွှေဖရုံသီး၊ ဖာလာစေ့၊ ရှောက်ကောစေ့နှင့် ရော်ဘာစေး၊ ဝါး(သေး)၊ သစ်ခေါက်၊ တံမြက်စည်း၊ အထည်ချုပ်လုပ်ငန်း၊ ပလတ်စတစ်ဖြတ်စများ၊ စက္ကူဖြတ်စများ၊ ရေထွက်ပစ္စည်းများဖြစ်သည့် ငါးခြောက်၊ ပုစွန်ခြောက်၊ တိရစ္ဆာန်ထွက်ပစ္စည်း (ဆိတ်အရှင်)၊ သဘာဝသယံဇာတပစ္စည်းများဖြစ်သည့် သဘာဝဓာတ်ငွေ့၊ သတ္တုနှင့် သတ္တုရိုင်းများ စသည့် ကုန်ပစ္စည်းများသည် နိုင်ငံအတွက် အဓိကဝင်ငွေရှာပေးနေသော ပို့ကုန်များဖြစ်သည်။

ပြည်သူများအတွက် မရှိမဖြစ် လိုအပ်သော သွင်းကုန်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ၊ စက်ရုံသုံး စက်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လုပ်ငန်းသုံး မော်တော်ယာဉ်များ၊ စက်သုံးဆီ(Diesel/Petrol)၊ ဓာတ်မြေဩဇာ၊ ပလတ်စတစ်ကုန်ကြမ်းများ၊ အထည်ချုပ်လုပ်ငန်းသုံး အထည်အလိပ်များဖြစ်သည်။

ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပို့ကုန်၊ သွင်းကုန်များ ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံ၏ စားရေရိက္ခာ ဖူလုံစေရေး၊ လူမှုစီးပွား ဖွံ့ဖြိုးရေးအတွက် အရည်အသွေးမမီသည့် ဆေးဝါးများ၊ အစားအသောက်များ ဝင်မလာစေရန် FDAနှင့် ပူးပေါင်း စစ်ဆေးခြင်း၊ စက်သုံးဆီ ပြတ်လပ်မှုမရှိစေရေး ဈေးနှုန်းမှန်ကန်စေရေး တင်သွင်းမှု လိုင်စင်များအား စနစ်တကျ ခွင့်ပြုပေးခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နယ်စပ်ကုန်သွယ်ရေး လိုင်စင်များကို Tradenet 2.0 စနစ်ဖြင့် Online မှ လျှောက်ထားနိုင်မည်ဖြစ်သည်။ တရုတ်-မြန်မာ နယ်စပ်တွင် ယွမ်/ကျပ် တိုက်ရိုက်ပေးချေမှုနှင့် ထိုင်း-မြန်မာနယ်စပ်တွင် ဘတ်/ကျပ် တိုက်ရိုက်ပေးချေမှုစနစ်များကို ခွင့်ပြုပေးထားသဖြင့် လုပ်ငန်းရှင်များ များစွာအဆင်ပြေ အကျိုးရှိနေသည်ကို တွေ့ရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တာချီလိတ်နယ်စပ်ဂိတ်သည် မြန်မာ-ထိုင်း ကုန်သွယ်ရေးအတွက် အလွန်အရေးပါသည့် ဗျူဟာမြောက် ဂိတ်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တို့ကို ချိတ်ကြည်ရေးတံတား အမှတ်(၂)မှတစ်ဆင့် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာသကဲ့သို့ တာချီလိတ် ဝမ်ပုံဆိပ်ကမ်းမှ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံတို့နှင့်လည်း ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေဖြစ်သည်။ ကုန်သည်များအနေဖြင့် ဗဟိုဘဏ်၏ သတ်မှတ်ချက်နှင့်အညီ ဘဏ်များမှတစ်ဆင့် ဘတ်နှင့် ကျပ်ကို တိုက်ရိုက်လဲလှယ်အသုံးပြုနိုင်သဖြင့် အဆင်ပြေလျက်ရှိသည်။

တာချီလိတ် ကုန်သွယ်ရေးစခန်းတွင် Online Licensing ကိုTradenet 2.0 စနစ်ဖြင့် သွင်းကုန်/ပို့ကုန်လိုင်စင်များ လျှောက်ထားနိုင်ခြင်း၊ ထိုင်းနိုင်ငံ မြောက်ပိုင်းနှင့် လာအိုနိုင်ငံ၊ တရုတ်နိုင်ငံ တောင်ပိုင်းတို့သို့ ဆက်သွယ်နိုင်ခြင်း၊ အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ လွယ်ကူစွာရရှိခြင်း၊ ရော်ဘာနှင့် အခြား စိုက်ပျိုးရေးထွက်ကုန်များအား နယ်စပ်မှတစ်ဆင့် အချိန်တိုအတွင်း ရောင်းချနိုင်သဖြင့် အလေအလွင့်ဆုံးရှုံးမှု နည်းစေခြင်း၊ ငွေကြေးလဲလှယ်မှု လွယ်ကူခြင်း စသည့် ပြည်သူများအတွက် အထိရောက်ဆုံး လက်တွေ့အကျိုးကျေးဇူးများပင်ဖြစ်သည်။

အထူးသဖြင့် ကုန်သည်များအတွက် လွန်စွာအကျိုးဖြစ်ထွန်းသည့် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်အား တာချီလိတ် ကုန်သွယ်ရေးစခန်းတွင် လျှောက်ထားဆောင်ရွက်နိုင်သဖြင့် လုပ်ငန်းများ လွယ်ကူလျင်မြန်၍ အဆင်ပြေလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

ကုန်သွယ်ရေးလုပ်ငန်း ဆောင်ရွက်ရာ၌ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်(Certificate of Origin) (CO) ရှိခြင်းဖြင့် ကုန်သွယ်မှု အာမခံနိုင်မည်ဖြစ်သည်။ ကုန်စည်တစ်ခုအား မည်သည့်နိုင်ငံတွင် ထုတ်လုပ်ထားသည်ကို တရားဝင်အာမခံပေးသည့် စာရွက်စာတမ်းဖြစ်သည်။ တာချီလိတ်ကဲ့သို့ နယ်စပ်ဂိတ်များတွင် ပြုလုပ်ဆောင်ရွက်ထားလျှင် လက်တွေ့ အကျိုးကျေးဇူးများဖြစ်သော အကောက်ခွန်သက်သာခွင့် သို့မဟုတ် ကင်းလွတ်ခွင့် ရရှိနိုင်မည်ဖြစ်သည်။

စာမျက်နှာ (၈)သို့

Commerce

**အတိုင်ပင်ခံစာတည်း**
သောင်းနိုင်
ကေခိုင်ဦး
ဟန်ဝင်းကျော်

**စာတည်းမှူးချုပ်**
မျိုးခိုင်ဝင်း

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ကျော်ကျော်

**အုပ်ချုပ်ရေးမှူး**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး

**သတင်းထောက်များ**
ရဲမင်းသာ (မကွေး)
သဇင် (မအူပင်)
ကျော်နိုင် (မြိတ်)
မောင်မောင်မြတ်ခိုင် (ဖျာပုံ)
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
မြင့်မြင့်သန်း(ပခုက္ကူ)
သင်းသင်းအေး (မုံရွာ)
မျိုးဝင်းသန့် (မုံရွာ)
ခင်ကြည် (မွန်)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ဖြူဖြူဝင်း (၀၉ ၄၃၀ ၂၁၇၀)
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးမင်း (၀၀၉၇၇)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# အစာအိမ်နှင့် အူလမ်းကြောင်းကို ဒုက္ခပေးနေတဲ့ သန်ကောင်တွေကို

Albendazole-400mg ပါဝင်တဲ့

## ECOZOLE- 400

## နှင့် ဖယ်ရှားလိုက်ပါ

- ဗိုက်ခဏခဏ အောင့်နေတာမျိုးတွေ ဖြစ်နေပြီလား ?
- မိသားစုထဲမှာ အစာစားပေမယ့် အာဟာရမဖြစ်ဘဲ ပိန်နေတာမျိုးတွေ ဖြစ်နေပြီလား ?
- ဒါဆိုရင်တော့ သန်ကောင်၊ တုတ်ကောင် တွေကြောင့်ဖြစ်နိုင်ပါတယ်။
- ဒီဆေးလေးဟာဆိုရင် ဆေးတစ်ပြားသောက်ရုံနဲ့ သန်ကောင်၊ တုတ်ကောင်မျိုးစုံကို အမြစ်ပြတ်စေပါတယ်။
- လိမ္မော်ရနံ့သင်းပျံ့ပြီး ဝါးစားလို့ရတဲ့ ဆေးပြားဖြစ်တာကြောင့် လူကြီးရော၊ ကလေးပါ သောက်သုံးရ အဆင်ပြေလွယ်ကူစေမှာပါ။
- မိသားစုတိုင်းအတွက် ဘေးကင်းစိတ်ချရတဲ့ ဆေးဝါးလေးလဲဖြစ်တာကြောင့် သန်ကောင်တွေကြောင့် စိတ်ညစ်နေရပြီဆိုရင်တော့ **ECOZOLE-400** ကိုသတိရလိုက်ပါနော်။
- ကျန်းမာရေးအတွက် ၆ လ တစ်ကြိမ် Albendazole ပါဝင်တဲ့ **ECOZOLE-400** လေးနဲ့ သန်ချပေးဖို့လဲ မမေ့နဲ့ဦးနော် ......

အစာအိမ်နဲ့ အူလမ်းကြောင်း သန့်စင်ဖို့

**ECOZOLE- 400** နဲ့ သန်ချစို့ .....




**For a healthier gut and digestive tract, deworm with**

**ECOZOLE- 400**

aorta

**Marketed and Distributed by**
**AORAT Company Limited**
No.1112, Shwe Hinthar Street, Shwe Hinthar Condo,
Tower C1, 6.5 mile, Hlaing Township, Yangon, Myanmar
Tel : 09 401 352 043


PROVEN
GROUP OF COMPANIES
Our Factories and Offices
Battery Manufacturing
Renewable Energy
Lead Recycling
Plastic Injection and Blow Molding
Auto Parts and Lubricants Distribution
Investment
Industrial and Commercial Properties Development
PROVEN TECHNOLOGY INDUSTRY
PROVEN DISTRIBUTION
PROVEN POLYWORLD
YANGON METAL INDUSTRY
PROVEN INTERNATIONAL
PROVEN AUTO
PROVEN ENERGY
PROVEN PROPERTIES
PROVEN ENGINEERING
CONTACT US:
NO. F/S-14, BAYINTNAUNG ROAD, SHWE SABEI YEIKMON HOUSING , KAMAYUT TOWNSHIP, YANGON, MYANMAR
(POSTCODE - 11041 )
OFFICE NO.(+95-1)7 531 030 / 7 531 041/ 7 527 667 EMAIL : info@proven.com.mm WEBSITE : www.proven.com.mm
Visit Our Website


City Mart Supermarket
ဖေဖော်ဝါရီလ မှ ဧပြီလ ၂၀၂၆ခုနှစ် အထိ
City Mart မှာ ကျပ် ၅၀၀ ဖိုး ဝယ်ယူတိုင်း
ကလေးငယ်များရဲ့
ပြည့်စုံတဲ့ အာဟာရအတွက်
၁ ကျပ် လှူဒါန်းရင်း ပိုမိုကောင်းမွန်သည့်
မနက်ဖြန်များ ဆီသို့...
NUTRITION FOR THE KIDS
ယုံကြည်မှုနှင့် အမြစ်တည်
နှစ် ၃၀ မှသည်
အတူတူ ရှေ့ဆက်မည်..
CMHL
အသေးစိတ် ပိုမိုသိရှိလိုပါက ဝင်ရောက်ကြည့်ရှုနိုင်ရန်
City Mart Supermarket Myanmar
TikTok
citymartsupermarket
City Mart Supermarket


PATHEIN
INDUSTRIAL PROJECT
A COST-COMPETITIVE LOCATION
FOR GLOBAL MARKETS
Pathein Industrial Project
ပုသိမ်စက်မှုစီမံကိန်း
INFO@PIPMYANMAR.COM
WWW.PIPMYANMAR.COM
+95 9 4000 81 881


THAYA
THAYA ENGINEERING CO.,LTD
သာယာ
Casement Window
Swing Door
Slide Window
Slide Door
Folding Door
09 - 5186262 , 09450208818 , 09450208898
အမှတ် (၃၀၈) ၊ သုစမ္မာ လမ်းမကြီး ၊ (ည) ရပ်ကွက် ၊ မြောက်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်။
www.thayaengineering.com

# ပြည်ပဲမျိုးစုံနှင့် နှမ်းဈေးကွက်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်တွင် ဒေသတွင်း ဝယ်လိုအားနှင့် စားသုံးမှုများသော ပဲများသာ လက်လီ/လက်ကား ရောင်းဝယ်မှုဖြစ်လျက်ရှိခဲ့သည်။

ထိုပဲများ၏ ယခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများကို လေ့လာရာတွင် အောက်ပါအတိုင်း တွေ့ရှိရသည်-

| စဉ် | ပဲအမျိုးအစား | ရေတွက်ပုံ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ်(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မြေပဲဆီဆန် | ပိဿာ | ၉၀၀၀ | ၉၀၀၀ | ၁၀၅၀၀ |
| ၂။ | မြေပဲလုံးဆန် | ပိဿာ | ၉၆၀၀ | ၉၂၀၀ | ၁၁၅၀၀ |
| ၃။ | မတ်ပဲ | တင်း | ၉၁၀၀၀ | ၉၇၀၀၀ | ၉၆၅၀၀ |
| ၄။ | ပဲစင်းငုံ | တင်း | ၉၆၀၀၀ | ၉၆၅၀၀ | ၉၂၀၀၀ |
| ၅။ | ကုလားပဲ(HL) | တင်း | ၈၂၀၀၀ | ၈၀၀၀၀ | ၈၂၀၀၀ |
| ၆။ | ပဲကြီး | တင်း | ၁၉၀၀၀၀ | ၁၂၅၀၀၀ | ၁၇၀၀၀၀ |
| ၇။ | ဗိုလ်ကိတ်ပဲ | တင်း | ၆၈၀၀၀ | ၇၀၀၀၀ | ၇၀၀၀၀ |
| ၈။ | စားတော်ပဲ | တင်း | ၁၈၀၀၀၀ | ၁၈၀၀၀၀ | ၂၀၀၀၀၀ |

ပြည်ဈေးကွက်တွင် မြေပဲဆန်(ဆီဆန်)ဈေးများမှာ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် တစ်ပိဿာလျှင် ကျပ် ၉၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး မတ်လကုန်ပတ်တွင် တစ်ပိဿာလျှင် ကျပ် ၁၀၅၀၀ ဖြင့် ၁၅၀၀ ဈေးနှုန်းများမြင့်တက်လာခဲ့သည်။ ဈေးကွက်အနေဖြင့် ဆီစက်လုပ်ငန်းရှင်သမားများက ဝယ်ယူမှုရှိ၍ တစ်နေ့လျှင် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။

မြေပဲဆန်လုံးဆန်ကို မြို့တွင်းပဲကြော်ပဲလှော်သမားများနှင့် မကွေးဘက်မှဝယ်ယူမှုရှိ၍ နေ့စဉ်အရောင်းအဝယ်ဖြစ်ပြီး ဈေးနှုန်းအနေဖြင့် ဇန်နဝါရီလတွင် တစ်ပိဿာလျှင် ကျပ် ၉၆၀၀ မှ မတ်လကုန်ပတ်တွင် တစ်ပိဿာလျှင် ကျပ် ၁၁၅၀၀ သို့ ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။

မတ်ပဲဈေးနှုန်း များအနေဖြင့် ဇန်နဝါရီလတွင် တစ်တင်းလျှင် ကျပ် ၉၁၀၀၀၊ ဖေဖော်ဝါရီလတွင် ကျပ် ၉၇၀၀၀ ဖြင့် မတ်လကုန်ပတ်တွင် တစ်တင်းလျှင် ကျပ် ၉၆၅၀၀ ဖြင့် ဈေးအနည်းငယ် ကျဆင်းလာခဲ့သည်။ မတ်ပဲကို ဒေသတွင်းသာ ဝယ်ယူမှုရှိပြီး လက်လီသမားများနှင့် ပဲလှောင်လက်များဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲစင်းငုံဈေးမှာ ဇန်နဝါရီလတွင် တစ်တင်းလျှင် ကျပ် ၉၆၀၀၀ ရှိရာမှ မတ်လကုန်ပတ်တွင် တစ်တင်းလျှင် ကျပ် ၉၂၀၀၀ ဖြင့် ကျပ် ၄၀၀၀ ခန့် ဈေးများကျဆင်းလာခဲ့သည်။

ကုလားပဲ(HL) ဈေးမှာ ဇန်နဝါရီလနှင့် မတ်လတွင်တစ်တင်းလျှင် ကျပ် ၈၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ကုလားပဲကို မြို့တွင်းပဲခွဲစက်များမှ ဝယ်ယူမှုရှိသဖြင့် တစ်နေ့လျှင် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ပဲကြီးဈေးမှာ အခြားပဲများထက်စာလျှင် ဈေးမှာ ကျပ်သိန်း ဂဏန်းအထက်ရှိပြီး ဇန်နဝါရီလတွင် တစ်တင်းလျှင် ကျပ် ၁၉၀၀၀၀ ဖြစ်ပြီး မတ်လတွင် ကျပ် ၁၇၀၀၀၀ ဖြစ်သဖြင့် ကျပ် ၂၀၀၀၀ ဈေးကျလာခဲ့သည်။ ပဲကြီးကို ပဲလှော်ဖိုသမားများနှင့် လက်လီသမားများ မှ ဝယ်ယူမှုရှိ၍ တစ်နေ့လျှင် အိတ် ၃၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ကိတ်ပဲဈေးမှာ ဇန်နဝါရီလတွင် တစ်တင်းလျှင် ကျပ် ၆၈၀၀၀၊ ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် တစ်တင်းလျှင် ကျပ် ၇၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်သည်။

စားတော်ပဲဈေးများမှာ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် တစ်တင်းလျှင် ကျပ် ၁၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး မတ်လတွင် ကျပ် ၂၀၀၀၀၀ ဖြင့် ဈေး ကျပ် ၂၀၀၀၀ ခန့်မြင့်တက်လာခဲ့သည်။ စားတော်ပဲမှာ ဈေးကောင်းရသည့် ပဲသီးနှံတစ်မျိုးဖြစ်ပြီး ဈေးကွက်တွင်လည်း ရောင်းအားကောင်းသော ပဲတစ်မျိုးဖြစ်သည်။

**နှမ်း**

ပြည်ခရိုင် ပြည်မြို့၏ နှမ်းဈေးကွက်တွင် နှမ်းဈေးများ ယခင်အတိုင်းငြိမ်နေသည်ကို တွေ့ရသည်။ ပြည်ဈေးကွက်တွင် နှမ်းသီးနှံများထွက်ပေါ်ချိန်တွင်သာ ဈေးကွက်တွင် နှမ်းများရှိပြီး နောက်ပိုင်းအချိန်များတွင် ဝယ်လိုအားကောင်းသဖြင့် လက်ကျန်နှမ်းများ ရှားပါးသွား၍ ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်ရန် ယခင်လှောင်နှမ်းများဖြင့်သာ ပုံမှန်ရောင်းဝယ်လျက်ရှိကြသည်။ နှမ်း ဈေးနှုန်းများမှာ နှစ်စမှစ၍ ယခုအချိန်အထိ ဈေးပြောင်းလဲမှုမရှိဘဲ မတ်လနောက်ဆုံးပတ်တွင် နှမ်းနီတစ်တင်းလျှင် ကျပ် ၁၂၀၀၀၀၊ နှမ်းနက် တစ်တင်းလျှင် ကျပ် ၁၇၀၀၀၀ နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၂၀၀၀၀၀ ဖြင့် တစ်နေ့လျှင် အိတ် ၅၀-၁၀၀ ခန့် အရောင်းအဝယ်ဖြစ်သည်ဟု သိရသည်။

ပြည်ခရိုင်အနေဖြင့် နှမ်းထွက်ရှိမှုမှာ အထွက်နှုန်းကောင်းပြီး ခရိုင်အတွင်း အရောင်းအဝယ်ဖြစ်သည့်အပြင် အခြားတိုင်းဒေသကြီးများမှလည်း ဝယ်ယူမှုရှိသည်။ နှမ်းနီကိုမြို့တွင်း ဆီစက်သမားများက ဝယ်ယူမှုရှိပြီး နှမ်းနက်နှင့် စမုန်နက်နှမ်းကို ရန်ကုန်၊ မန္တလေး၊ မကွေးဝယ်လက်များက ဝယ်ယူမှုရှိသည်။ နှမ်းဆီဈေးအနေဖြင့်လည်း တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဝေဝေမင်း(ပြည်)



# မွန်ပြည်နယ်အတွင်း ဆန် စီးဝင်/ စီးထွက်မှုနှင့် ဈေးနှုန်းအခြေအနေ

မွန်ပြည်နယ်အတွင်းသို့ ဆန်အိတ်များ ဝင်ရောက်လျက်ရှိပြီး မတ်လ နောက်ဆုံးအပတ်တွင် ဆန်ဈေးနှုန်းမှာ အနည်းငယ် မြင့်တက်လျက်ရှိကြောင်း သိရှိရသည်။

အခြားတိုင်းဒေသကြီးများမှ မွန်ပြည်နယ်သို့ ဆန်စီးဝင်မှုများမှာ ၂၀၂၆ ခုနှစ်၊ မတ်လတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ရွှေဘိုပေါ်ဆန်း ၁၀၄၀၅ အိတ်ခန့်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ဧရာဝတီပေါ်ဆန်း ၃၅၈၁၇ အိတ်ခန့်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ဧည့်မထ ၂၀၉၄၆ အိတ်ခန့်၊ စုစုပေါင်း ၆၇၁၆၈ အိတ်ခန့်၊ တန်ချိန်အားဖြင့် ၃၃၅၈ တန်ခန့် စီးဝင်ခဲ့သည်။ မတ်လတွင် မွန်ပြည်နယ်မှ အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆန်စီးထွက်မှု မရှိကြောင်း သိရသည်။

မွန်ပြည်နယ်ဈေးကွက်၌ မတ်လ၏ နောက်ဆုံးအပတ်တွင် ဆန်ဈေးနှုန်းမှာ ၁၀၈ ပေါင် ဆန်တစ်အိတ်လျှင် ရွှေဘိုပေါ်ဆန်း ကျပ် ၁၉၀၀၀၀ ခန့်၊ ဧရာဝတီပေါ်ဆန်း ကျပ် ၁၅၅၀၀၀-၁၆၀၀၀၀ ခန့်၊ ဧည့်မထ ကျပ် ၆၅၀၀၀ ခန့်ရှိပြီး ယခုမတ်လနောက်ဆုံးအပတ်တွင် ဆန်ဈေးနှုန်းမှာ အနည်းငယ်မြင့်တက်လျက်ရှိကြောင်း သိရသည်။

DOCA (မွန်)

# ပခုက္ကူကုန်စည်ဒိုင်တွင် ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ပခုက္ကူကုန်စည်ဒိုင်တွင် ပဲမျိုးစုံ ပဲစင်းငုံနီ၊ ပဲယင်းနီ၊ ကုလားပဲ(929)၊ ကုလားပဲ(V6)၊ ကုလားပဲ (V2)၊ ပြောင်းဖူးစေ့၊ ထောပတ်ပဲ(ကျွန်း)၊ ပဲဇီးကွက်၊ စွန်တာ(ရိုးရိုး)၊ စွန်တာ(ကသဲ)၊ ပဲလွမ်းပြာ၊ မန်ကျည်းသီး သီးနှံများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**ပဲစင်းငုံနီ**

မတ်လ ပထမပတ်တွင် ပဲစဉ်းငုံနီ တစ်တင်းလျှင် ကျပ် ၉၈၄၀၀ ဖြစ်ခဲ့ပြီး ယခုစတုတ္ထပတ်တွင် တစ်တင်းလျှင် ကျပ် ၉၂၆၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဝင်ရောက်မှုပိုမိုများပြားလာသောကြောင့် ဈေးနှုန်းကျဆင်းကြောင်းနှင့် အိတ်ရေ ၈၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**ကုလားပဲ**

မတ်လ ပထမပတ်တွင် ကုလားပဲ(929) တစ်တင်းလျှင် ကျပ် ၇၄၀၀၀၊ ကုလားပဲ(V6) တစ်တင်းလျှင် ကျပ် ၇၁၅၀၀၊ ကုလားပဲ (V2) တစ်တင်းလျှင် ကျပ် ၇၂၀၀၀ ဈေးရှိခဲ့ပြီး ယခုမတ်လ (စတုတ္ထပတ်)တွင် ကုလားပဲ(929) တစ်တင်းလျှင် ကျပ် ၇၅၀၀၀၊ ကုလားပဲ(V6) တစ်တင်းလျှင် ကျပ် ၇၂၅၀၀၊ ကုလားပဲ (V2) တစ်တင်းလျှင် ကျပ် ၇၃၅၀၀ ဈေးဖြင့် အနည်းငယ်သာ ဈေးတက်ပြီး အိတ်ရေ ၁၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**ထောပတ်ပဲ (ကျွန်း)**

မတ်လ ပထမပတ်တွင် ထောပတ်ပဲ(ကျွန်း) တစ်တင်းလျှင် ကျပ် ၇၅၂၀၀ ရှိခဲ့ပြီး ယခု စတုတ္ထပတ်တွင် ကျပ် ၈၃၅၀၀ ဈေးရှိပြီး အဝင်နည်းပါးမှုကြောင့် ဈေးတက်လာကြောင်း သိရသည်။ ထောပတ်ပဲ(ကျွန်း)ပဲသည် စားသုံးမှုနည်းပါးပြီး တင်ပို့မှုအတွက် အဓိကအားထားစိုက်ပျိုးကြောင်းနှင့် အိတ်ရေ ၃၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**ပဲဇီးကွက်**

ပဲဇီးကွက်သည် အများဆုံးစိုက်ပျိုးသော ပဲအုပ်စုထဲတွင် ပါဝင်ပြီး အထွက်နှုန်း ကောင်းမွန်သောကြောင့် အရောင်းအဝယ်များ စွာဖြစ်လျက်ရှိသည်။ မတ်လ ပထမပတ်တွင် ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၉၇၀၀၀ ရှိခဲ့ပြီး စတုတ္ထပတ်တွင် တစ်တင်းလျှင် ကျပ် ၁၀၆၀၀၀ ဈေးထိ မြင့်တက်လာသော်လည်း အိတ်ရေ ၄၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**စွန်တာနီ**

စွန်တာနီ အမျိုးအစားနှစ်မျိုးသာ ပခုက္ကူနယ်ဘက်တွင် စိုက်ပျိုးပြီး စွန်တာ(ရိုးရိုး)မှာ မတ်လ ပထမပတ်တွင် တစ်တင်းလျှင် ကျပ် ၈၉၀၀၀၊ စွန်တာ(ကသဲ)တစ်တင်းလျှင် ကျပ် ၉၅၅၀၀ ဈေးရှိ ခဲ့ပြီး ယခု စတုတ္ထပတ်တွင် စွန်တာ(ရိုးရိုး)မှာ တစ်တင်းလျှင် ကျပ် ၈၈၅၀၀၊ စွန်တာ(ကသဲ)မှာ ပို၍ အရည်အသွေးကောင်းပြီး တစ်တင်းလျှင် ကျပ် ၁၀၅၀၀၀ ဈေးထိ မြင့်တက်ခဲ့ပြီး အိတ်ရေ ၂၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**ပဲလွမ်းပြာ**

ဒေသတွင်း စားသုံးမှုနည်းပြီး တင်ပို့မှုအတွက်သာ အဓိကထားသော ပဲမျိုးဖြစ်သည်။ မတ်လ ပထမပတ်တွင် ပဲလွမ်းပြာ တစ်တင်းလျှင် ကျပ် ၆၅၀၀၀ ဈေးရှိခဲ့ပြီး စတုတ္ထပတ်တွင် တစ်တင်းလျှင် ကျပ် ၆၄၂၀၀ ဖြင့် ဈေးနှုန်းအနည်းငယ် ကျဆင်းပြီး အိတ်ရေ ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**မန်ကျည်းသီး**

ယခုအချိန်တွင် ပခုက္ကူနယ်၌ မန်ကျည်းသီးလှိုင်လှိုင်ပေါ်နေသောအချိန်ဖြစ်၍ ပေါ်ဦးပေါ်စတွင် မန်ကျည်းတောင့် တစ်ပိဿာလျှင် ကျပ် ၃၃၀၀၊ မန်ကျည်းသား တစ်ပိဿာလျှင် ကျပ် ၉၀၀၀-၉၅၀၀၊ မတ်လ စတုတ္ထပတ် တွင် မန်ကျည်းတောင့် တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဈေးရှိသည်။ မန်ကျည်းသားမှာ ရန်ကုန်၊ မန္တလေးမြို့များထိ တင်ပို့နေရပြီး တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ ဈေးထိရရှိကြောင်း သိရသည်။

ပခုက္ကူကုန်စည်ဒိုင်တွင် ပဲမျိုးစုံ သီးနှံများ အရည်အသွေးအလိုက် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်မှ သိရသည်။

စန်းမြင့်ရီ(ပခုက္ကူ)

MyMOC

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ Commerce Website ဖြစ်သည့် **www.commerce.gov.mm** အား **MyMOC App** အမည်ဖြင့် Download ရယူ၍ Android နှင့် IOS Mobile ဖုန်းများတွင် ၆ - ၃ - ၂၀၂၆ ရက်နေ့မှစတင်၍ အသုံးပြုနိုင်ပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

## မတ်ပဲနှင့် ပဲစင်းငုံ လွတ်လပ်စွာ တင်ပို့ခွင့်အား တစ်နှစ်သက်တမ်းတိုးမြှင့်

**နေပြည်တော်၊ ဧပြီလ ၁** မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအစိုးရတို့အကြား ညှိနှိုင်းဆောင်ရွက်ခဲ့မှုအရ အိန္ဒိယအစိုးရသည် မတ်ပဲနှင့် ပဲစင်းငုံတို့ကို လွတ်လပ်စွာ တင်သွင်းခွင့်အား ၂၀၂၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ သက်တမ်းတိုးမြှင့်လိုက်ကြောင်း အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အမိန့်ကြေညာစာများ ထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိပါသည်။

### အစေ့ထုတ်ပြောင်း (မိုး) စိုက်ပျိုးမည့် ဧရိယာများအတွင်း တောင်ယာခုတ်ထွင်မီးရှို့ခြင်း မပြုလုပ်ရန် အသိပေးခြင်း

၁။ ထိုင်းနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူနှင့် PM2.5 လေထုညစ်ညမ်းခြင်းကို လျှော့ချနိုင်ရန် တောင်ယာခုတ်ထွင်မီးရှို့ခြင်း မပြုလုပ်သည့် ဒေသများမှ စိုက်ပျိုးထွက်ရှိသည့် အစေ့ထုတ်ပြောင်းများကိုသာ တင်သွင်းခွင့်ပြုနေပါသဖြင့် ထိုင်းနိုင်ငံသို့ တင်ပို့မည့် အစေ့ထုတ်ပြောင်းဆံများ၏ စိုက်ပျိုးထွက်ရှိရာဒေသများတွင် တောင်ယာခုတ်ထွင်မီးရှို့ခြင်း ရှိ/မရှိအား စက်ဘီယံမိုးလေဝသဌာန (ASEAN Specialized Meteorological Centre-ASMC) မှ ပေးပို့သည့် Fire Hotspot ဖြစ်ပေါ် တွေ့ရှိမှုများကို အခြေခံကာ နောက်ကြောင်းပြန်စိစစ်သည့် အစီအစဉ်များဖြင့် စနစ်တကျစိစစ်၍ မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ထုတ်ပေးရေး လုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိက လုပ်ငန်းအဖွဲ့အနေဖြင့် ထောက်ခံချက်များအား ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ အစေ့ထုတ်ပြောင်းစိုက်ပျိုးမည့် တောင်သူများအနေဖြင့် အစေ့ထုတ်ပြောင်း (မိုး) စိုက်ရာသီမတိုင်မီ စိုက်ပျိုးမည့်ဧရိယာများအတွင်း တောင်ယာခုတ်ထွင်မီးရှို့ခြင်းအား လုံးဝ (လုံးဝ) ဆောင်ရွက်ခြင်းမပြုရန် အသိပေးတားမြစ်အပ်ပါသည်။

**မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ထုတ်ပေးရေးလုပ်ငန်း**
**မှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့**

**စာမျက်နှာ(၃) ဆောင်းပါးမှအဆက်**

တာချီလိတ်မှ ထိုင်းနိုင်ငံသို့ ကုန်ပစ္စည်းပို့လျှင် (Form D) ဟုခေါ်သည့် (CO) လက်မှတ်ပါရှိသွားပါက ထိုင်းနိုင်ငံဘက်၌ ပေးရမည့် သွင်းကုန်ခွန်(Import Duty)ကို လျှော့ပေါ့ခွင့် (သို့မဟုတ်)သုည% အထိ ကင်းလွတ်ခွင့် ရရှိနိုင်မည်ဖြစ်သည်။

CO လက်မှတ်ရှိခြင်းဖြင့် မိမိကုန်စည်မှာ ပိတ်ပင်ထားသည့် နိုင်ငံမှလာသည့် ပစ္စည်းမဟုတ်ဘဲ မြန်မာနိုင်ငံမှ လာသည့် ကုန်ပစ္စည်းဖြစ်ကြောင်း သက်သေပြနိုင်သည့်အတွက် အဝင်အထွက် ချောမွေ့စေမည်ဖြစ်သည်။ ဘဏ်အသီးသီးမှ CO လက်မှတ်ကို အဓိက အထောက်အထား စာရွက်စာတမ်းတစ်ခုအဖြစ် တောင်းဆိုလေ့ရှိပြီး အဆိုပါလက်မှတ်ရှိပါက ငွေထုတ်ယူခြင်း၊ သို့မဟုတ် ငွေလွှဲခြင်းများ ပို၍ တရားဝင်တိကျစေသည်။

လက်ရှိတွင် တာချီလိတ် ကုန်သွယ်ရေးစခန်း၌ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်(FORM–D)များကို ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံများသို့ ပို့ကုန်ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များအား ထုတ်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ တာချီလိတ် ကုန်သွယ်ရေးစခန်းတွင် ယခုအခါ CO လက်မှတ်များကို Online (Tradenet 2.0)မှတစ်ဆင့် လျှောက်ထားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ရှေးရှုလျက် ချမှတ်ထားသည့်မူဝါဒများ၊ လုပ်ငန်းမျှော်မှန်းချက်များ၊ ရည်မှန်းချက်များနှင့်အညီ ဝန်ထမ်းများကလည်း နိုင်ငံတော်၏ မှန်ကန်သော ဦးဆောင်မှုအောက်တွင် မိမိကိုယ်ကို ကောင်းအောင် ကြိုးစားသော၊ မိမိဌာနကို ကောင်းအောင် ကြိုးစားသော၊ မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားသော၊ စိတ်ဓာတ်၊ စည်းကမ်း၊ အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းကောင်းဖြစ်အောင် ကြိုးစားဆောင်ရွက်မည်ဟူသော ခံယူချက်တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တာချီလိတ် နယ်စပ်ကုန်သွယ်ရေးစခန်း(မယ်ယန်း)၊ တာချီလိတ်-ဝမ်ပုံ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၊ တာချီလတ်-ကျိုင်းလပ် ကုန်သွယ်ရေးစခန်းတို့တွင် နယ်စပ်ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးကို စနစ်တကျ စီမံကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိနေသည်။

သို့အတွက်ကြောင့် ရွှေတြိဂံဒေသ နယ်စပ်ကုန်သွယ်ရေးသည် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုလျက် ရှိနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



## မြန်မာ့ဆိပ်ကမ်းတွင် ၁ .၄ . ၂၀၂၆ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၁) | SINAR BANDUNG | ကုန်သေတ္တာ ၆၅၀ တင် ၄၉၄ ချနေဆဲ |
| | ISEACO GENESIC | ကုန်သေတ္တာ ၈၁၃ တင် ၈၁၂ ချနေဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | AS SUSANNA | ကုန်သေတ္တာ ၉၃၅ တင် ၁၀၅၉ ချဆဲ |
| | FSL SINGAPORE | ကုန်သေတ္တာ ၁၀၅၇ တင် ၁၀၅၈ ချရန် (ပူးတွဲလုပ်ဆောင်) |
| | HE SHUN | ကုန်သေတ္တာ ၄၈၀ တင် ၄၀၀ချဆဲ |
| | UNI ACCORD | ကုန်သေတ္တာ၈၁၀ တင် ၆၇၇ ချရန် (ပူးတွဲလုပ်ဆောင်) |
| | CTP FORTUNE | ကုန်သေတ္တာ ၆၅၅ တင် ၈၅၂ ချဆဲ |
| | ISEACO WISDOM | ကုန်သေတ္တာ ၅၈၅ တင် ၇၁၉ ချရန် (ပူးတွဲလုပ်ဆောင်) |
| | SITC GUANGDONG | ကုန်သေတ္တာ ၅၅၂ တင် ၁၀၁၈ ချဆဲ (ပူးတွဲလုပ်ဆောင်) |
| အလုံဆိပ်ကမ်းအမှတ်(၁) | PVT AROMA | ပြောင်းဖူးတန်ချိန် ၂၅၀၀၀ တင်ဆဲ |
| Yangon International Gateway Terminal (YIGT) | HT PIONEER | ပြောင်းဖူးတန်ချိန် ၁၁၃၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၁) | RANONG MOE | ကုန်သေတ္တာ ၂၇ ချရန်ရှိ (ရပ်နား) |
| ဆူးလေဆိပ်ကမ်းအမှတ်(၂) | HAPPY TRADER | ဆန်တန်ချိန် ၂၀၀၀၀ တန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၅) | BALTIC BAY | ဆန်တန်ချိန် ၂၉၀၅၀ တန်တင်ဆဲ (ပူးတွဲလုပ်ဆောင်) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၁) | MTT SAPANGAR | ကုန်သေတ္တာ ၂၆၀ တင် ၆၈၄ ချရန် (ပူးတွဲလုပ်ဆောင်) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၂) | ERASMUS PASSION | ကုန်သေတ္တာ ၁၄၀၆ တင်၇၅၀ ချရန် |
| | EAST BANGKOK | Steel &Vehicle ၃၀၇၁၅ တန်ချရန်(ပူးတွဲလုပ်ဆောင်) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၃) | ZHE HAI-515 | Steel & G/C တန်ချိန် ၅၁၅၃၃ တန်ချဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၄) | NEWSEAS JADE | Steel တန်ချိန် ၃၂၃၁၂ တန်ချဆဲ |
| WILMAR JETTY | MT THERESA LIBRA | P.Oil(In Bulk) ၁၅၈၉၉ တန်ချဆဲ |
| | THAI BIMH-02 | ပြောင်းဖူးတန်ချိန် ၁၂၅၀၀ တင်ရန်ရှိ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| EAST BANGKOK | Steel တန်ချိန် ၃၁၀၀၀ ချရန် | CHINA | ၁.၄.၂၀၂၆ |
| OPTIMAX -1 | Equipment တန်ချိန် ၄၃၄၈ တန်ချရန | CHINA | ၂.၄.၂၀၂၆ |
| NOROD HONE | ဂျုံတန်ချိန် ၂၈၀၂၁တန်ချရန် | AUSTRALIA | ၄.၄.၂၀၂၆ |
| GLANZ CORAL | Steel&Generator 1588.8664 တန်ချရန် | SINGAPORE | ၄.၄.၂၀၂၆ |
| CHANG DA-218 | Steel&G/C တန်ချိန် ၂၄၈၀၉ တန်ချရန | CHINA | ၅.၄.၂၀၂၆ |
| YM SUMMIT | ဂျုံတန်ချိန် ၃၀၀၀၀ တန်ချရန် | AUSTRALIA | ၅.၄.၂၀၂၆ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၄.၂၀၂၆ |
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၄.၂၀၂၆ |
| FSL SINGAPORE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၄.၂၀၂၆ |
| UNI ACCORD | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၄.၂၀၂၆ |
| MTT SAPANGAR | SINGAPORE | သီလဝါဆိပ်ကမ်း | ၃.၄.၂၀၂၆ |
| SITC GUANGDONG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၄.၂၀၂၆ |
| SITC QIUMING | SINGAPORE | သီလဝါဆိပ်ကမ်း | ၂.၄.၂၀၂၆ |
| SITC QUANGDONG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၄.၂၀၂၆ |
| BANGKOK | SINGAPORE | စက်မှုဆိပ်ကမ်း | ၃.၄.၂၀၂၆ |
| FSL SINGAPORE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၄.၂၀၂၆ |
| OTANA BHUM SINGAPORE | | အေးရှားဝေါလ်ဆိပ်ကမ်း၄.၄.၂၀၂၆ | |
| PELICAN | SINGAPORE | စက်မှုဆိပ်ကမ်း | ၄.၄.၂၀၂၆ |
| MSC SUPARNA F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၄.၂၀၂၆ |
| TRADER | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၄.၂၀၂၆ |
| AS SOPHIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၅.၄.၂၀၂၆ |
| BAL XIAMEN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၄.၂၀၂၆ |
| MAERSK CHATTOGRAM | SINGAPORE | သီလဝါဆိပ်ကမ်း | ၆.၄.၂၀၂၆ |
| XO LUCKY | SINGAPORE | စက်မှုဆိပ်ကမ်း | ၇.၄.၂၀၂၆ |
| TC MESSENGER | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၄.၂၀၂၆ |
| ISEACO FORTUNE | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၄.၂၀၂၆ |

### ၁-၃-၂၀၂၆ မှ ၃၁-၃-၂၀၂၆ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 2381 | 25 | - | - | - | 2406 |
| | Form AANZ | 29 | - | - | - | - | 29 |
| | Form AHK | 1 | - | - | - | - | 1 |
| | Form AI | 273 | 11 | - | - | - | 284 |
| | Form AJ | 79 | 1 | - | - | - | 80 |
| | Form AK | 605 | 6 | - | - | - | 611 |
| | Form CHINA | 284 | - | - | - | - | 284 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 37 | 2 | - | - | - | 39 |
| | Form E | 1467 | 21 | - | - | - | 1488 |
| | Form Korea | 102 | - | - | - | - | 102 |
| | E Form D | 867 | - | - | - | - | 867 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 6125 | 66 | - | - | - | 6191 |

# ပြည်ဒေသထွက်ကုန် စျေးကွက်အခြေအနေ

### ပြောင်းဖူး

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်တွင် ပြောင်းဖူးအချော တစ်ဖူးလျှင် ကျပ် ၆၀၀ ဖြင့် ရောင်း ချရပြီး အလတ် တစ်ဖူးလျှင် ကျပ် ၅၀၀-၅၅၀ တို့ဖြင့် ရောင်းချရကြောင်း သိရှိရသည်။ အထွက်နှုန်းမှာ စိုက်ပျိုးမြေပေါ် မူတည်ပြီး အထွက်လည်းများနိုင်ကြောင်း၊ မြေကောင်းလျှင် ကောင်းသလို အထွက်တိုးနိုင်ပြီး မကောင်းလျှင် အထွက်နှုန်းနည်းနိုင်ကြောင်း သိရသည်။ ပြောင်းဖူး တစ်ခင်း အကျိုးအမြတ် ရရှိမှုမှာ ပြောင်းစိုက်ပျိုးချိန် ကုန်ကျစရိတ် ကျပ် ၂၅၀၀၀၀ ကုန်ကျပြီး ရောင်းချချိန်တွင် ကျပ် ၆၀၀၀၀၀ မှ ၆၅၀၀၀၀ ခန့် ရရှိသောကြောင့် အကျိုးအမြတ်အနေဖြင့် ကျပ် ၃၅၀၀၀၀ မှ ၄၀၀၀၀၀ အထိရရှိနိုင်ကြောင်း သိရသည်။

### ကြက်သွန်နီ

ပြည်စျေးကွက်သို့ ယခုမတ်လဆန်းတွင် ကြက်သွန်နီများ ဝင်ရောက်မှုများနေပြီး မကွေးတိုင်းဒေသကြီး ဆိပ်ဖြူ၊ တောင်တွင်း၊ ရေနံချောင်း၊ သဖန်းကုန်းရွာ၊ သဘွတ်အိုင်ရွာတို့မှ နေ့စဉ်ပိဿာချိန် ၁၂၀၀၀ - ၁၅၀၀၀ ခန့် အဝင်ရှိနေသည်။ ကြက်သွန်နီလှိုင်လှိုင်ပေါ်ချိန်ဖြစ်၍ ပြည်စျေးကွက်သို့ ဝင်ရောက်မှုများသလို အရောင်းအဝယ်မှာလည်း အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ အိတ်ဆွဲဝယ်ရောင်းသမားများနှင့် ပုံမှန်ဒေသတွင်း ဝယ်လက်များအပြင် ဧရာဝတီတိုင်းဒေသကြီး ကြံခင်း၊ မြန်အောင်နှင့် သာယာဝတီခရိုင် မင်းလှ၊ ကြို့ပင်ကောက်၊ မိုးညို၊ လက်ပံတန်းမြို့နယ်များသို့ နယ်ကျော်စီးဆင်းမှုများဖြင့် အရောင်းသွက်လျက်ရှိနေသည်။ စျေးနှုန်းမှာ ဆိပ်ဖြူ ရေနံချောင်းဘက်မှ ကြက်သွန်နီများသည် အရည်အသွေးကောင်းသဖြင့် စျေးကောင်းလျက်ရှိပြီး ကျန်အမျိုးအစားများမှာ စျေးနှုန်းသင့်တင့်သည့်အတွက် အရောင်းပိုသွက်လျက်ရှိကာ ပွဲရုံလက်ကားစျေးတစ်ပိဿာလျှင် ကြီး/လတ်/သေး ကျပ် ၂၁၀၀-၂၂၀၀/၁၆၀၀-၁၉၀၀/၁၃၀၀-၁၄၀၀ နှုန်းများနှင့် လက်လီစျေးများတွင် ၂၃၀၀-၂၅၀၀/၁၉၀၀-၂၁၀၀/၁၅၀၀-၁၇၀၀ နှုန်းတို့ဖြင့် အသီးသီး ရောင်းဝယ်လျက်ရှိနေသည့်အတွက် ယခင်လစျေးနှုန်းများနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ပျမ်းမျှကျပ် ၇၀၀ ခန့် ကျဆင်းသွားသဖြင့် အရောင်းသွက်လျက်ရှိနေကြောင်း သိရသည်။

### နဂါးမောက်သီး

နဂါးမောက်သီးမှာစျေးကွက်အလားအလာကောင်းသဖြင့် စီးပွားဖြစ် စိုက်ပျိုးနိုင်သော သီးနှံတစ်မျိုးဖြစ်သည်။ အသီး ပုံသဏ္ဍာန်နှင့် အသီးအခွံ အရောင်(အနီနှင့်ပန်းရောင်)မှာ ဆွဲဆောင်မှုရှိသဖြင့် အိမ်နှင့် စားသောက်ဆိုင်များ၊ ပန်းခြံများတွင် အလှပင်အဖြစ် စိုက်ပျိုးနိုင်သည်။



နဂါးမောက်ပင်များသည် အမြင့် ပေ ၂၀ခန့် အထိသာ မြင့်တက်တတ်သည်။ ပူအိုက်ပြီး မိုးရေချိန်များသည့် ဒေသတွင် ရှင်သန်ဖြစ်ထွန်းသည်။ အပင်အမျိုးအစားမှာ တွယ်တက်ပင်နှင့် မြေပေါ်တွားသွား၍ပေါက်သော ရေငတ်ဒဏ်ခံနိုင်သော ရှားစောင်းမျိုးနွယ်ဝင်အပင်ဖြစ်သည်။ အဖြူရောင်မျိုးနှင့် အနီရောင်မျိုးများကို စီးပွားဖြစ် စိုက်ပျိုးသည်။

ကျန်းမာသန်စွမ်းပြီး သီးထွက်ကောင်းသော အပင်မှ အစိမ်းရင့်ရောင်ရှိ ရှည်လျားသော ပင်စည်ကိုဖြတ်ယူ မျိုးပွားနိုင် သည်။ ပျိုးပင်ထုတ်လုပ်ရန် အပင်ကိုထားရှိရသည်။ စီးပွားဖြစ်စိုက်ပျိုးရန် ပျိုးပင်များကို ၄င်းအပင်မှ ပွားများရယူနိုင်သည်။ ပြည်မြို့ရှိ နဂါးမောက်သီး စျေးကွက်မှာ အလုံးအချောအသေးပေါ် မူတည်၍ စျေးနှုန်းများကွာခြားကြောင်း သိရသည်။ နဂါးမောက်သီး အလုံး အကြီး အသေးပေါ် မူတည်ပြီး တစ်လုံးလျှင် ကျပ် ၃၅၀၀ မှ ၂၅၀၀အထိရှိပြီး ပြည်မြို့အနီးတစ်ဝိုက် ကျေးရွာများနှင့် ရန်ကုန်မြို့မှ အဝင်ရှိနေကြောင်း သိရသည်။

### ကွမ်းရွက်

'ကွမ်းစိုက်ဝါဆို၊ ကွမ်းခွေပြာသို' ဆိုစကားရှိပြီး ကွမ်းပင်များကို ဝါဆိုလ (ဇွန်လ) တွင် အများအားဖြင့် စိုက်ပျိုးကြသည်။ ယခုရာသီအချိန်တွင် အထွက်နှုန်းများလာသည့်အတွက် ကွမ်းစျေးနှုန်းလျော့ကျလာသည်။ ဆောင်းရာသီအချိန်တွင် ကွမ်းစျေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ မှ ၃၅၀၀၀ အထိ စျေးနှုန်းရှိပြီး လက်ရှိအချိန်တွင် ကွမ်းစျေးနှုန်းမှာ တစ်ပိဿာလျှင် ၁၀၀၀၀ နှုန်းဖြင့် စျေးကွက်အတွင်း ရောင်းချနေကြောင်း သိရသည်။

**ခင်ဆွေဦး ၊ အိသပြေခင် ၊ ဝင်းလဲ့ဝါ၊**
**သင်းသင်းအောင်(Doca Pyay)**

## ပြည်ပဆန်စျေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၁-၄-၂၀၂၆ မှ ၇-၄-၂၀၂၆) ထိ ဆန်စျေးနှုန်းများ

| စဉ် | အမျိုးအမည် | စျေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 325 - 335 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 320 - 325 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 315 - 320 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 295 - 305 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 275 - 285 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 325 - 335 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 325 - 330 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 320 - 325 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 315 - 320 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 330 - 335 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 315 - 320 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 320 - 325 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 305 - 315 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 330 - 335 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 325 - 330 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 320 - 325 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 315 - 320 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 330 - 340 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 325 - 335 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 320 - 325 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 310 - 315 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 445 - 455 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 435 - 445 | |
| 24 | A-1 , 2 (Sortexed) | 320 - 340 | |
| 25 | B-1 , 2 (Sortexed) | 290 310 | |
| 26 | B-1,2 (Non-Sortexed) | 275 - 285 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# အမျှင်ဓာတ်နှင့် အာဟာရပြည့်ဝသော ဂျုံစေ့

ဂျုံစေ့သည် လူသားများအတွက် အရေးပါသော အပင် တစ်မျိုးဖြစ်ပြီး အာဟာရပြည့်ဝသော စားစရာအဖြစ် စားသုံးကြကြောင်း၊ ဂျုံစေ့ကို ဂျုံခွံ၊ ဂျုံအစေ့အတွင်းသားနှင့် ဂျုံအစေ့ အဆန်ဟူ၍ အပိုင်းသုံးပိုင်းခွဲခြားထားကြောင်းသိရှိရသည်။

ဂျုံစေ့ကိုစားသုံးခြင်းဖြင့်ရရှိနိုင်သော အကျိုးကျေးဇူးများမှာ အစာခြေ စနစ်ကိုကျန်းမာစေပြီး အမျှင်ဓာတ်သည် အူမကြီးလှုပ်ရှားမှုကို ကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးကြောင်း၊ အူကျန်းမာစေရန် အူအတွင်းက အကျိုးပြု ဘက်တီးရီးယားများအတွက် အစာဖြစ်စေကာအူကျန်းမာရေးကို မြှင့်တင်ပေးကြောင်း၊ အာဟာရဓာတ်များစွာပါဝင်ပြီး ဗီတာမင်ဘီသည် ခန္ဓာကိုယ်အတွက် စွမ်းအင်ထုတ်လုပ်၍ အာရုံကြောစနစ်ကောင်းမွန်ရန် အထောက်အကူပြုကြောင်း၊ မဂ္ဂနီစီယမ်၊ သံဓာတ်၊ ဇင့်ဓာတ်နှင့် ဆီလီနီယမ်ဓာတ်တို့ပါဝင်သောကြောင့် ခန္ဓာကိုယ်ရောင်ရမ်းမှုကို လျှော့ချပေး၍ ကိုယ်ခံအားကို မြှင့်တင်ပေးကြောင်း၊ ဂျုံခွံတွင် ပါဝင်သော အမျှင်ဓာတ်များသည် သွေးတွင်းကိုလက်စထရောကိုကျစေပြီး နှလုံးရောဂါနှင့် လေဖြတ်ခြင်းများရေးကို ကာကွယ်ပေးကြောင်း၊ ဂျုံစေ့တွင် အမျှင်ဓာတ်များပြားစွာပါဝင်၍ ကစီဓာတ်စုပ်ယူမှုကို နှေးကွေးစေပြီး သွေးတွင်းသကြားဓာတ်မြင့်တက်မှုကို တဖြည်းဖြည်း လျှော့ချပေး၍ ဆီးချိုရောဂါကို ထိန်းညှိပေးကြောင်းသိရသည်။



အမျှင်ဓာတ်များပြီး ဗိုက်ပြည့်တင်းကာကယ်လိုရီနည်းသောကြောင့် ကိုယ်အလေးချိန် ထိန်းသိမ်းရန် အထောက်အကူပြုကြောင်း၊ ဖြည့်စွက်ထုတ်လုပ်ထားသော Value added ထုတ်ကုန်များဖြစ်သော ပေါင်မုန့်အဖြူ၊ ကိတ်မုန့်၊ ဘီစကွတ်စသောဂျုံဖြူဖြင့် ပြုလုပ်ထားသော ထုတ်ကုန်များတွင် သွေးတွင်းသကြားဓာတ်ကို မြင့်တက်စေနိုင်ကြောင်း၊ ဂျုံသီးနှံကို စက်ကြိတ်ခြင်းကြောင့် ရရှိသော ဂျုံမှုန့်သည် ဗီတာမင်နှင့် အာဟာရဓာတ်တချို့ဆုံးရှုံးသော်လည်း သဘာဝ ဂျုံစေ့အကြမ်းအခွံခြောက်ထားသည့် ဂျုံသည် အာဟာရ တန်ဖိုးများစွာရှိကြောင်း၊ ဂျုံစေ့သီးနှံအာဟာရသည် ခန္ဓာကိုယ်အတွက် ခွန်အား၊ စွမ်းအင်ပေးပြီး နှလုံးနှင့် ဆီးချို၊ အဆစ်ရောင်ရောဂါနှင့် အစာအိမ်ရောဂါများကို ကာကွယ်ပေးကြောင်း၊ အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် ဝမ်းမှန်စေပြီး ဝမ်းချုပ်ခြင်းကို ကင်းဝေးစေကာ ဂျုံသီးနှံကို စားသုံးခြင်းဖြင့် အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးကြောင်း လေ့လာသိရသည်။ မြင်းခြံစျေးကွက်၌ ရောင်းချနေသောဂျုံစေ့တစ်ပြည်လျှင် ကျပ် ၆၀၀၀ ခန့် ဖြင့်ရောင်းချကြောင်း သိရှိရသည်။

**သူဇာမိုး (mdydoca)**

# ပို့ကုန်အဆင်သင့်ဖြစ်မှု မြှင့်တင်နိုင်ရေး

ဒေါက်တာလဲ့လဲ့မိုး(စားသုံးသူရေးရာဦးစီးဌာန)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံထားသော နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး လူဦးရေအများစု၏ အသက်မွေးဝမ်းကျောင်း၊ အလုပ်အကိုင်နှင့် နိုင်ငံ့စီးပွားရေးတွင် စိုက်ပျိုးရေးသည် အရေးပါသော ကဏ္ဍတစ်ခုဖြစ်သည်။ စိုက်ပျိုးရေး-အစားအစာ (Agri-Food) ကဏ္ဍတွင် ဆန်၊ ပဲ၊ အစေ့အဆန်များ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ အသားငါးနှင့် အစားအစာထုတ်ကုန်များပါဝင်ပြီး နိုင်ငံတကာဈေးကွက်သို့ ထုတ်ကုန်များ တင်ပို့နိုင်ရန်အတွက် အစားအသောက်ဘေးကင်းလုံခြုံရေး စံချိန်စံညွှန်းများ (Food Safety Standards)ကို ပြည့်မီဖြည့်ဆည်းပေးရန် လိုအပ်သည်။ ပို့ကုန်အဆင်သင့်ဖြစ်မှု (Export Readiness)ကို ရရှိရန် အစားအသောက်ဘေးကင်းလုံခြုံရေး (Food Safety) သည် အဓိက အခြေခံလိုအပ်ချက် ဖြစ်လာသည်။

World Health Organization (WHO) အဆိုအရ မလုံခြုံသော အစားအစာများ (Unsafe foods)ကြောင့် နှစ်စဉ်ကမ္ဘာတစ်ဝန်း လူသန်းပေါင်းများစွာ ရောဂါများဖြစ်ပွားလျက်ရှိသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု (Gross Domestic Product , GDP) နှင့် အလုပ်အကိုင်များတွင် အရေးပါသော အခန်းကဏ္ဍကို ထမ်းဆောင်နေသောကြောင့် အစားအသောက်နှင့် စိုက်ပျိုးရေးထုတ်ကုန်များသည် နိုင်ငံ၏ ပို့ကုန်ဝင်ငွေရရှိရေး (Export income) အတွက် အရေးကြီးသော အရင်းအမြစ်တစ်ခုဖြစ်သည်။

ယခုအခါ နိုင်ငံတကာဈေးကွက်များတွင် အစားအသောက်လုံခြုံစိတ်ချရမှုဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ (Food Safety Regulations)များ ပိုမိုတင်းကျပ်လာသောကြောင့် မြန်မာ့ထုတ်ကုန်များအတွက် ပို့ကုန်အဆင်သင့်ဖြစ်မှု (Export Readiness) တိုးတက်ရန် အစားအသောက် လုံခြုံစိတ်ချရမှုစနစ် (Food Safety Systems) များကို တိုးတက်အောင်ပြုလုပ်ရန် လိုအပ်လာသည်။

ထို့ကြောင့် အစားအသောက်လုံခြုံစိတ်ချရမှု ဖွံ့ဖြိုးတိုးတက်ရေး (Food Safety Development) သည် မြန်မာ့စိုက်ပျိုးရေးနှင့် အစားအသောက်ကဏ္ဍ၏ ယှဉ်ပြိုင်နိုင်စွမ်း (Myanmar Agri-Food Sector Competitiveness) တိုးတက်စေရန် အရေးကြီးသော အကြောင်းရင်း ဖြစ်လာသည်။ "Myanmar Agri-Food Sector Competitiveness" သည် မြန်မာ့စိုက်ပျိုးရေးနှင့် အစားအသောက် ထုတ်လုပ်မှုကဏ္ဍများ၏ အရည်အသွေး၊ ထုတ်လုပ်မှုနိုင်မှုနှင့် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်သောစွမ်းရည်ကို ဆိုလိုသည်။

ပို့ကုန်အဆင်သင့်ဖြစ်မှု (Export Readiness) ဆိုသည်မှာ ထုတ်ကုန်တစ်ခု သို့မဟုတ် ထုတ်လုပ်မှုစနစ်တစ်ခုသည် နိုင်ငံ တကာဈေးကွက်၏ စံနှုန်းများ၊ ဥပဒေများနှင့် လိုအပ်ချက်များကို ပြည့်မီပြီး ယုံကြည်စိတ်ချစွာ တင်ပို့နိုင်သော အခြေအနေကို ဆိုလိုသည်။ အစားအသောက် ပို့ကုန်များအတွက် အဓိကလိုအပ်ချက်များမှာ အစားအသောက်ဘေးကင်းလုံခြုံရေးစံ ချိန်စံညွှန်းများ (Food Safety Standards)၊ အရည်အသွေးထိန်းချုပ်မှု (Quality Control)၊ ထုတ်လုပ်မှုမှ စားသုံးသူထံသို့ရောက်သည့်လမ်းကြောင်း အဆင့်ဆင့်ကို အချက်အလက်ဖြင့် မှတ်တမ်းထားရှိမှု (Traceability)၊ သက်သေခံလက်မှတ်များ (Certification documents)၊ စစ်ဆေးမှု (Inspection) နှင့် စံချိန်စံညွှန်း လိုက်နာမှု (Compliance with standards) တို့ဖြစ်ပြီး နိုင်ငံတကာအစားအသောက် စံချိန်စံညွှန်းများကို Codex Alimentarius Commission နှင့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများမှ သတ်မှတ်ထားသည်။

အစားအသောက် ဘေးကင်းလုံခြုံရေး (Food Safety) မပြည့်မီပါက ပို့ကုန်များသည် နယ်စပ်တွင် ပယ်ချခံရနိုင်ခြင်း (Exports may be rejected at the border)၊ တင်ပို့ရန် တားမြစ်ထားခြင်း (Export prohibition) ခံရနိုင်သည်။ ဝယ်ယူသူ ယုံကြည်မှုကျဆင်းနိုင်ခြင်း (Potential decrease in consumer confidence) အပြင် စီးပွားရေးဆုံးရှုံးမှု (Economic Loss) ဖြစ်ပေါ်နိုင်သည်။ Food and Agriculture Organization (FAO) အဆိုအရ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်နိုင်ရန် အစားအသောက် ဘေးကင်းလုံခြုံရေးစနစ် (Food Safety System) တိုးတက်မှုသည် အဓိကအချက်ဖြစ်သည်။

အစားအသောက် ဘေးကင်းလုံခြုံရေးစနစ် (Food Safety System)ကိုအားကောင်းစေရန် အရေးကြီးသော နည်းလမ်းတစ်ခုမှာ အစားအသောက်ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှုစနစ် (Food Safety Management System - FSMS)ကို ထိရောက်စွာ အကောင် အထည်ဖော်ခြင်းဖြစ်သည်။ FSMSသည် အစားအသောက် ထုတ်လုပ်မှု၊ ပြုပြင်ထုတ်လုပ်မှု၊ သိုလှောင်မှုနှင့် ဖြန့်ဖြူးမှုအဆင့်များတွင် ဖြစ်ပေါ်နိုင်သော အန္တရာယ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်စေရန် ရည်ရွယ်ထားသောစနစ်ဖြစ်သည်။

အစားအသောက်ထုတ်လုပ်မှုနှင့်ပတ်သက်သော ဥပဒေများသည် ထုတ်ကုန်များ၏ အရည်အသွေးနှင့် ဘေးကင်းလုံခြုံမှုကို သေချာစေရန် အရေးကြီးသည်။ အစားအသောက်စစ်ဆေးမှု စနစ်များနှင့် ဓာတ်ခွဲခန်းများ၏ စမ်းသပ်နိုင်မှုစွမ်းရည်ကို မြှင့်တင်ရန် လိုအပ်သည်။ အစားအသောက်များတွင် ပိုးမွှားများ၊ အစားအစာ မဟုတ်သော ပြင်ပပစ္စည်းများ၊ ပိုးသတ်ဆေးဓာတ်ကြွင်းများနှင့် ဓာတုပစ္စည်းများ ပါဝင်မှုရှိ/မရှိကို စနစ်တကျ စစ်ဆေးနိုင်ရန် အဆင့်မြင့်နည်းပညာများ အသုံးပြုရမည်ဖြစ်သည်။

ဓာတ်ခွဲခန်းများတွင် Gas Chromatography (GC)၊ High Performance Liquid Chromatography (HPLC) နှင့် Mass Spectrometry (MS) ကဲ့သို့သော နည်းပညာများကို အသုံးပြုခြင်းဖြင့် အစားအသောက် အန္တရာယ်များကို တိကျစွာစစ်ဆေးနိုင်သည်။ ထို့အပြင် ဓာတ်ခွဲခန်းများ၏ အရည်အသွေးစနစ်ကို ISO/IEC 17025 စံနှုန်းနှင့်ကိုက်ညီအောင် ဆောင်ရွက်ရန် လိုအပ်သည်။

လုပ်ငန်းစဉ်အဆင့်ဆင့်ကို အချက်အလက်ဖြင့် မှတ်တမ်းထားရှိမှု (Traceability) သည် အစားအသောက် ဘေးကင်းလုံခြုံရေးစနစ်တွင် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကုန်ပစ္စည်းတစ်ခု၏ ထုတ်လုပ်မှုမှ စားသုံးသူထံသို့ ရောက်ရှိသည့်လမ်းကြောင်းတစ်လျှောက် အချက်အလက်များကို နောက်ကြောင်းပြန်ခြေရာခံလိုက်နိုင်မည်ဖြစ်သည်။ Traceability စနစ်ရှိပါက အစားအသောက်များတွင် ပြဿနာများဖြစ်ပေါ်လာလျှင် အန္တရာယ်ရှိသော ထုတ်ကုန်များကို ဈေးကွက်မှ အလျင်အမြန် ပြန်လည်သိမ်းဆည်းနိုင်သည်။

ထို့ကြောင့် အစားအသောက်ထုတ်လုပ် ရေးလုပ်ငန်းများသည် Traceability စနစ်များကို အကောင်အထည်ဖော်ရန် လိုအပ်သည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစားအသောက် ထုတ်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသော ဝန်ထမ်းများကို အစားအသောက်ဘေးကင်း လုံခြုံရေးသင်တန်း (Food Safety Training)များ၊ အစားအသောက်ထုတ်လုပ်မှုလုပ်ငန်းစဉ်များတွင် ဖြစ်ပေါ်နိုင်သော အန္တရာယ်များကို ခွဲခြမ်းစိတ်ဖြာပြီး အရေးကြီးသော ထိန်းချုပ်ရမည့်အဆင့်များကို သတ်မှတ်ကာ ဘေးကင်းလုံခြုံမှုကို ထိန်းချုပ်သောသင်တန်း (Hazard Analysis and Critical Control Point, HACCP Training) များနှင့် ကောင်းမွန်သော သန့်ရှင်းရေးအလေ့အကျင့်များ (Good Hygiene Practices, GHP) သင်တန်းများကို ပုံမှန်ပို့ချသင့်သည်။ FAO ၏အဆိုအရ အစားအသောက်ထုတ်လုပ်မှုလုပ်ငန်း များတွင် လုပ်ကိုင်နေသော ဝန်ထမ်းများ၏အသိပညာနှင့် ကျွမ်းကျင်မှုများသည် အစားအသောက် ဘေးကင်းလုံခြုံရေးစနစ်၏ ထိရောက်မှုကို တိုက်ရိုက်သက်ရောက်မှုရှိသည်။

ထို့အပြင် စားသုံးသူများ၏ အစားအသောက် ဘေးကင်းလုံခြုံရေး အသိပညာကို မြှင့်တင်ခြင်းသည်လည်း အရေးကြီးသော အချက်တစ်ခုဖြစ်သည်။ စားသုံးသူများအနေဖြင့် အစားအသောက်များကို ဝယ်ယူရာတွင် အရည်အသွေးနှင့် ဘေးကင်းလုံခြုံမှုကို အထူးဂရုပြုလာပါက ထုတ်လုပ်သူများသည်လည်း စံချိန်စံညွှန်းများကို ပိုမိုလိုက်နာ ဆောင်ရွက်လာမည်ဖြစ်သည်။ WHO ၏ အဆိုအရ အစားအသောက် ဘေးကင်းလုံခြုံရေးနှင့်ပတ်သက်သော ပညာပေး အစီအစဉ်များသည် လူများ၏ ကျန်းမာရေးအတွက် ကာကွယ်ရာတွင် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်သည် ။

အစားအသောက်ဘေးကင်းလုံခြုံရေးစနစ်ကို အားကောင်းစေရန် အစားအသောက် ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှုစနစ်ကို ထိရောက်စွာအကောင်အထည်ဖော်ရန် လိုအပ်သည်။ ဥပဒေများနှင့် စံချိန်စံညွှန်းများခိုင်မာအောင် ဆောင်ရွက်ခြင်း၊ စစ်ဆေးမှုနှင့် ဓာတ်ခွဲခန်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊ Traceability စနစ်များတည်ဆောက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားသုံးသူအသိပညာ မြှင့်တင်ခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်။

ဤဆောင်ရွက်မှုများကို အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ပါက အစားအသောက်များ၏ ဘေးကင်းလုံခြုံမှုကို တိုးတက်စေပြီး စားသုံးသူများ၏ယုံကြည်မှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။ ထို့အပြင် နိုင်ငံ၏ စိုက်ပျိုးရေးနှင့် အစားအသောက်ကဏ္ဍ၏ ယှဉ်ပြိုင်နိုင်စွမ်းကိုလည်း တိုးတက်စေမည်ဖြစ်သည်။

အစားအသောက် ဘေးကင်းလုံခြုံရေးစနစ် (Food Safety System) သည် ပို့ကုန်ဈေးကွက် (Export market) များသို့ ဝင်ရောက်နိုင်ရန် အဓိက လိုအပ်ချက် တစ်ခုဖြစ်သည်။ အဆိုပါစနစ် မရှိပါက ထုတ်ကုန်ပယ်ချခံရခြင်း (Product rejection)၊ ကုန်သွယ်ရေး ကန့်သတ်ချက်များ (Trade restrictions)၊ဈေးကွက်ဝင်ခွင့် ဆုံးရှုံးခြင်း (Loss of access to markets)တို့ ဖြစ်နိုင်သည်။

နိုင်ငံတကာစံချိန်စံညွှန်းများ (International standards)များတွင် HACCP၊ Good Agricultural Practices (GAP)၊ လူ၊ တိရစ္ဆာန်၊ အပင်တို့ကို ရောဂါ၊ ပိုးမွှား၊ အန္တရာယ်ရှိသော ပစ္စည်းများကနေ ကာကွယ်ရန် နိုင်ငံတစ်နိုင်ငံကသတ်မှတ်ထားသည့် စည်းမျဉ်း၊ စစ်ဆေးမှု၊ စံနှုန်းများ (Sanitary and Phytosanitary (SPS) measures)တို့ ပါဝင်သည်။ ဥပမာအားဖြင့် GAP စနစ်ကို အသုံးပြုခြင်းသည် စိုက်ပျိုးမှုမှစတင်၍ သိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းအထိ ညစ်ညမ်းမှု အန္တရာယ်များ (Contamination risks) များကို လျှော့ချပေးနိုင်သည်။

ထို့အပြင် အစားအသောက် ဘေးကင်းလုံခြုံရေးစီမံခန့်ခွဲမှုစနစ် (Food Safety Management System - FSMS)ကို အကောင်အထည်ဖော်ခြင်းသည် အသေးစား၊ အလတ်စား စီးပွား ရေးလုပ်ငန်းများ (Small and Medium-sized Enterprises, SMEs) များကို တန်ဖိုးမြှင့်ထုတ်ကုန်များ လုပ်ငန်းစဉ် ထောက်ပံ့ပေးခြင်း (High-Value Supply Chains) ဖြစ်ပြီး ဈေးကွက်ဝင်ရောက်နိုင်ရန် ကူညီပေးသည်။ သို့သော် မြန်မာ့စိုက်ပျိုးရေးနှင့် အစားအသောက်ကဏ္ဍ (Myanmar Agri-Food Sector) တွင် ပို့ကုန်အဆင်သင့်ဖြစ်မှု(Export Readiness) အတွက် စိန်ခေါ်မှုများမှာ ဓာတ်ခွဲခန်းစမ်းသပ်နိုင်စွမ်း (Laboratory testing capacity) နည်းပါးခြင်း၊ အစားအသောက်ကြောင့် ဖြစ်ပေါ်လာသော ရောဂါအန္တရာယ်များကို ထိန်းချုပ်ရန် အသုံးပြုသောစနစ် (Surveillance systems) အားနည်းခြင်း၊ အစားအသောက်ကြောင့်ဖြစ်ပေါ်သော ရောဂါအချက်အလက်များ (Food-borne disease data) မပြည့်စုံခြင်းတို့ကြောင့် အစားအသောက်ဘေးကင်းလုံခြုံမှု စောင့်ကြည့်ခြင်း (Food Safety Monitoring) အားနည်းလျက်ရှိသည်။ တောင် သူများနှင့် SMEs လုပ်ငန်းရှင်များတွင် လယ်ယာသီးနှံနှင့် အစားအသောက် ထုတ်ကုန်များ၌ ပိုးသတ်ဆေးများကို မှန်ကန်စွာ အသုံးပြုခြင်း၊ အစားအသောက်သန့်ရှင်းစွာ ထုတ်လုပ်ခြင်း၊ အရည်အသွေး စီမံခန့်ခွဲမှုတို့အတွက် နည်းပညာဆိုင်ရာ အသိပညာ ဗဟုသုတ ကြွယ်ဝခြင်းတို့ လိုအပ်လျက်ရှိသည်။

မြန်မာ့စိုက်ပျိုးရေးနှင့် အစားအသောက်ကဏ္ဍ (Myanmar Agri-Food Sector)သည် နိုင်ငံတကာဈေးကွက်တွင် အလားအလာရှိသော ကဏ္ဍဖြစ်သည်။ ပို့ကုန် အဆင်သင့်ဖြစ်မှု (Export Readiness) ကို တိုးတက်စေရန် အစားအသောက် လုံခြုံစိတ်ချရမှု ဖွံ့ဖြိုးတိုးတက်ရေး(Food Safety Development)အရေးကြီးသည်။ အစားအသောက်ဘေးကင်းလုံခြုံရေး စံချိန်စံညွှန်းများ (Food Safety Standards)များကို အကောင်အထည်ဖော်ခြင်း၊ ဓာတ်ခွဲခန်းများ လုပ်ဆောင်နိုင်ရန် လိုအပ်သော အဆောက်အအုံ၊ ပစ္စည်းကိရိယာများနှင့် အခြေခံစနစ်များ (Laboratory Infrastructure) တိုးတက်စေရန် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းနှင့် လုပ်သားများ၊ ဝန်ထမ်းများ သို့မဟုတ် အဖွဲ့အစည်းများ၏ နည်းပညာ၊ အရည်အသွေးနှင့် စွမ်းရည်ကို မြှင့်တင်ရန် ဆောင်ရွက်သည့် သင်တန်း၊ လေ့ကျင့်ရေးနှင့်လုပ်ငန်းဖွံ့ဖြိုးရေးအစီအစဉ်များ (Capacity Building Programs)များ ပြုလုပ်ခြင်းတို့ဖြင့် မြန်မာ့ထုတ်ကုန်များ၏ အရည်အသွေး (Quality) နှင့် ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရည် (Competitiveness) ကို မြှင့်တင်နိုင်မည်ဖြစ်သည်။

**စာမျက်နှာ (၁၁)သို့**

# မြိတ်ဒေသ၏ ကြံစိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်

တနင်္သာရီတိုင်းဒေသကြီးသည် ရာသီဥတုပူပြင်းပြီး မိုးရေချိန်ကောင်းသဖြင့် ကြံစိုက်ပျိုးရေးကို မြို့နယ်အချို့နှင့် ကျေးရွာအချို့တွင် လုပ်ကိုင်ကြသည်။ အထူးသဖြင့် မြိတ်၊ ပုလော၊ ပလောက်၊ ကျွန်းစုနှင့် တနင်္သာရီမြို့တို့၌ အဓိက စိုက်ပျိုးကြကြောင်း သိရှိရသည်။

မြိတ်ခရိုင်အတွင်း ကြံစိုက်ပျိုးသည့် ဧက ၄၂၂ ဧက ရှိသည့်အနက် မြိတ်မြို့နယ်၌ ကြံစိုက်ပျိုးမှု ၁၂၀ ဧက စိုက်ပျိုးထားရှိပြီး ဈေးကောင်းရရှိလျက်ရှိကြောင်း သိရသည်။ မြိတ်မြို့၌ အဓိကစိုက်ပျိုးသော ကြံပင်အမျိုးအစားမှာ ကြံဝါနှင့် ကြံညိုဖြစ်၍ မေလမှ ဇူလိုင်လအတွင်းတွင် ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

ကြံဝါ၊ ကြံညိုကို စိုက်ပျိုးရာတွင် ပထမ စိုက်မြောင်းထပ်တိုးခြင်းလုပ်ငန်း လုပ်ဆောင်ရခြင်း၊ ဒုတိယအကြိမ် အပင်ပေါက်အလွှာထိုး အစာလိုက်ပေးရခြင်းနှင့် တတိယအစားထိုး စိုက်မြောင်း လုပ်ဆောင်ပေးခြင်းတို့ကို လုပ်ဆောင်ရပြီး မိုးရာသီတွင် ရေလိုက်ပေးရန်မလိုသောကြောင့် အများအားဖြင့် ဧပြီလကုန် မေလမှစ၍ စတင်စိုက်ပျိုးကြကြောင်း သိရှိရသည်။ တစ်ဧကလျှင် ကြံဝါ ၃၆၀၀ ပင်နှင့် ကြံညို ၂၅၀၀ပင် စိုက်ပျိုးနိုင်ကြောင်း သိရှိရသည်။ စိုက်နည်းစနစ်မှန်ကန်၍ မြေဩဇာ စနစ်တကျ ကျွေးမည်ဆိုပါက တစ်ဧကလျှင် ကြံတန်ချိန်အထွက်နှုန်းမှာ တန် ၃၀ ထွက်ကြောင်း ပျမ်းမျှ ခန့်မှန်းတွက်ချက်ရသည်။ ကြံပင်သည် စတင်စိုက်ပျိုးပြီး ရှစ်လနှင့် ကိုးလအကြာတွင် ရောင်းတမ်းဝင်မည်ဖြစ်ပြီး အောက်တိုဘာလတွင် ကြံအများဆုံး ထွက်ပေါ်သည်။

မြိတ်မြို့တွင် ကြံစိုက်ပျိုးရေးသည် အဓိကသီးနှံ မဟုတ်သော်လည်း အပိုဝင်ငွေအဖြစ် စိုက်ပျိုးကြကြောင်း သိရှိရသည်။ ကြံကို လက်လီရောင်းချမှုနှင့် ကြံရည်ဆိုင်များအတွက်သာ အဓိကထား အသုံးပြုကြကြောင်း သိရှိရသည်။ ကြံဈေးနှုန်းမှာ ရာသီဥတု၊ သယ်ယူပို့ဆောင်ခနှင့် ဝယ်လိုအားအပေါ်တွင် မူတည်၍ ဈေးနှုန်းပြောင်းလဲနိုင်ကြောင်း သိရှိရသည်။

မြိတ်မြို့တွင် ၂၀၂၆ခုနှစ် မတ်လ တတိယပတ်တွင် ရောင်းချနေသော ကြံ၏ဈေးနှုန်းမှာ ၁၀ ချောင်းပါ တစ်စည်းလျှင် ကျပ် ၁၆၀၀၀ မှ ၁၈၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။ **ညီညီဇော်(မြိတ်)**

# ဒေသထွက် ကယားရိုးရာ အထည်


ကယားပြည်နယ် လွိုင်ကော်မြို့သည် သဘာဝတောတောင်များ ခြံရံသာယာလှပသော မြို့တစ်မြို့ဖြစ်သည်။ ဒေသခံ တိုင်းရင်းသားပြည်သူများသည် ကယားရိုးရာ အထည်များကို နှစ်သက်စွာ ဝတ်ဆင်ကြသည်။ လွိုင်ကော်မြို့တွင် ကယားရိုးရာအထည်အမျိုးမျိုး ပုဆိုး၊ လုံချည်များကို စက်ရက်ကန်းများနှင့် ရက်လုပ်ပြီး တောင်ကြီး၊ တီကျစ်သို့ တင်ပို့ရောင်းချလျက်ရှိသည်။

ထို့အပြင် အထည်များကိုလွိုင်ကော် သီရိမင်္ဂလာဈေးတွင်လည်း ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ ရိုးရာလက်မှု အနုပညာနှင့် ယဉ်ကျေးမှုကို ဖော်ဆောင်ပေးသော ဒေသတွင်း အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတစ်ခုဖြစ်သည်။

ကယားရိုးရာအထည်ကို ရက်လုပ်ရာတွင် အသုံးပြုသော ချည်များကို မန္တလေးမြို့မှ ဝယ်ယူလျက်ရှိပြီး ဈေးနှုန်းအားဖြင့် စီလွန်ချည် ၂၀ လိမ်ပါ အထုပ်တစ်ထုပ်လျှင် ကျပ် ၁၅၀၀၀၀ ပေး ဝယ်ရကြောင်း၊ ချည်ခင်အရေအတွက်အနေဖြင့် ၁၀၅ ခင်ပါသည်။ ချည်ခင်များကို မရက်လုပ်မီ ရဟတ်တွင်ထည့်၍ ဘီးလုံးများဖြင့် ချည်သွပ်ရသည်။ ၎င်း ၂၀ လိမ်ပါ ချည်ထည်အား ရက်လုပ်ပါက ပုဆိုးကွင်းရေ ၁၁ ထည်မှ ၁၂ ထည်အထိ ထွက်ရှိပြီး လုံချည်အထည်ရေအားဖြင့် ၁၂ ကွင်း ခန့်အထူအပါးပေါ်မူတည်ပြီး ထုတ်လုပ်ထွက်ရှိသည်။

ကယားပြည်နယ် လွိုင်ကော်မြို့တွင် ရက်ကန်းစင်များ လည်ပတ်လျက် ရှိပြီး အမျိုးသားဝတ်ပုဆိုး တစ်လလျှင် အထည် ၃၀၀ ခန့်၊ အမျိုးသမီးဝတ် လုံချည် တစ်လလျှင် အထည် ၁၀၀၀၀ ခန့် ဝန်းကျင် ရက်လုပ်ကြသည်။ ဈေးနှုန်းအနေဖြင့် ပုဆိုးတစ်ထည်လျှင်ကျပ် ၉၀၀၀၊ ၁၅၀၀၀နှင့် အမျိုးသမီး လုံချည်တစ်ကွင်းချင်း ကျပ် ၁၃၀၀၀၊ ဝမ်းဆက်တစ်စုံ ၂၂၀၀၀ ကျပ်ဖြင့် ဈေးကွက်တွင် အရောင်းအဝယ်ရှိလျက်ဖြစ်ကြောင်း သိရသည်။

**ကယားမြေ၊ အေးအေးမော်**



# မကွေးဈေးကွက်အတွင်း ဖြစ်ပေါ်နေသော ပဲမျိုးစုံနှင့် နှမ်းဈေးနှုန်း အခြေအနေ

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ်အတွင်းရှိ မိကျောင်းရဲ၊ လျောင်းတော်ဦး၊ ကံသစ်၊ ရွာဟောင်းကန်၊ သစ်ရာကောက် စသည့် ကျေးရွာများနှင့် မင်းဘူး၊ မြို့သစ်၊ နတ်မောက်မြို့နယ်တို့မှ ထွက်ရှိသော ပဲတီစိမ်း၊ ပဲနောက်၊ ကုလားပဲ၊ ပဲကြီး၊ စားတော်ပဲ၊ အခြား ပဲမျိုးစုံနှင့် နှမ်းမျိုးစုံတို့ မကွေးဈေးကွက်သို့ ဝင်ရောက်ရောင်းဝယ် ဖောက်ကားလျက်ရှိသည်။

**နှမ်း**

၂၀၂၆ခုနှစ်၊ မတ်လ တတိယပတ်တွင် နှမ်းနီတစ်တင်းလျှင် ကျပ် ၁၁၅၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၅၀၀၀၀၊ နှမ်းနက်(စမုန်)တစ်တင်းလျှင် ကျပ် ၂၅၀၀၀၀၊ နှမ်းညိုကျား တစ်တင်းလျှင် ကျပ် ၁၀၂၀၀၀ ဖြစ်၍ ယခင်တစ်ပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိဘဲ တစ်ပတ်အတွင်း မကွေးမြို့မှ မန္တလေးမြို့သို့ နှမ်းအိတ်ရေ ၁၅၀၀ တင်ပို့ခဲ့ပြီး တန်ချိန်အားဖြင့် တန် ၇၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ကုလားပဲ**

ကုလားပဲ(HL) တစ်တင်းလျှင် ကျပ် ၇၅၂၀၀၊ ကုလားပဲ(929) တစ်တင်းလျှင် ကျပ် ၇၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်တစ်ပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက ကုလားပဲ(929) ကျပ် ၃၀၀ ဈေးတက်ခဲ့ကြောင်း၊ အရောင်းအဝယ်အေးနေပြီး လက်ကျန်ပဲများသာ အရောင်းအဝယ်ဖြစ်နေကြောင်း၊ တစ်ပတ်အတွင်း မကွေးမြို့မှ မန္တလေးမြို့သို့ အိတ်ရေ ၄၀၀၀၊ ပြည်မြို့သို့ အိတ်ရေ ၁၅၀၀၊ ရန်ကုန်မြို့သို့ အိတ်ရေ ၁၀၀၀ တင်ပို့ခဲ့ပြီး တန်ချိန်အားဖြင့် တန် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ထောပတ်ပဲ**

ထောပတ်ပဲ တစ်တင်းလျှင် ကျပ် ၈၉၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်တစ်ပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက ထောပတ်ပဲ (929) ကျပ် ၁၀၀၀ ဈေးကျခဲ့ကြောင်း၊ တစ်ပတ်အတွင်း မကွေးမြို့မှ ရန်ကုန်မြို့သို့အိတ်ရေ ၅၀၀၀ တင်ပို့ခဲ့ပြီး တန်ချိန်အားဖြင့် တန် ၄၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**မတ်ပဲ**

မတ်ပဲ တစ်တင်းလျှင် ကျပ် ၉၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း၊ တစ်ပတ်အတွင်း မကွေးမြို့မှ ရန်ကုန်မြို့သို့ အိတ်ရေ ၂၅၀၀ တင်ပို့ခဲ့ပြီး တန်ချိန်အားဖြင့် တန် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**စားတော်ပဲ**

စားတော်ပဲတစ်တင်းလျှင် ကျပ် ၂၂၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်တစ်ပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက စားတော်ပဲ ကျပ် ၂၀၅၀၀ ဈေးတက်ခဲ့ကြောင်း၊ တစ်ပတ်အတွင်း မကွေးမြို့မှ ရန်ကုန်မြို့သို့ အိတ်ရေ ၁၅၀၀ တင်ပို့ခဲ့ပြီး တန်ချိန်အားဖြင့် တန် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ **ရဲမင်းသာ(မကွေး)**

(၂၇-၃-၂၀၂၆) ရက်နေ့မှ (၂-၄-၂၀၂၆) ရက်နေ့အထိ စားအုန်းဆီတစ်ပိဿာအရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1135 |
| ငွေလဲနှုန်း | 3276 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 4,647,825 | 7.59 |
| ၂ | ဆီကန်သို့လှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 20 | 12,247,800 | 20.00 |
| ၃ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 119,175,000 | 194.61 |
| ၄ | MITS စစ်ဆေးခ | 1000 MT x MMK 200 | 200,000 | 0.33 |
| ၅ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 2.5 x ငွေလဲနှုန်း | 8,190,000 | 13.37 |
| ၆ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 400 | 400,000 | 0.65 |
| ၇ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 50 | 30,619,500 | 50.00 |
| | အထွေထွေစရိတ်ပေါင်း | | **175,480,125** | **286.55** |
| ၈ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **3,718,260,000** | **6,071.72** |
| | စရိတ်စုစုပေါင်း | | **3,893,740,125** | **6,358.27** |

**စာမျက်နှာ (၁၀)ဆောင်းပါးမှအဆက်**

ထိုအရာများ ဖြည့်တင်းထားခြင်းဖြင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းစွာ၊ လူမှု-စီးပွားရေး အကျိုးကျေးဇူးကို ထိန်းသိမ်းကာ နောင်လာမည့် မျိုးဆက်အတွက် စိုက်ပျိုးရေးကဏ္ဍကို ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း (Sustainable Agricultural Development) နှင့် နိုင်ငံ၏ထုတ်ကုန်များ၊ ဝန်ဆောင်မှုများကို ပြည်ပဈေးကွက်များသို့ ပိုမိုတိုးချဲ့ရောင်းချနိုင်ခြင်းနှင့် ကုန်သွယ်မှုအရေအတွက်ကို တိုးမြှင့်ခြင်း (International trade expansion) ကို အထောက်အကူပြုမည်ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ (Developing countries)အတွက် ပို့ကုန်အဆင်သင့်ဖြစ်မှု(Export Readiness) တည်ဆောက်ခြင်းသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော မဟာဗျူဟာတစ်ခုဖြစ်သည်။ အစိုးရအဖွဲ့အစည်းများ (Government institutions)၊ ပုဂ္ဂလိကလုပ်ငန်းပိုင်း (Private sector)နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ (International organizations) ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပို့ကုန်အဆင်သင့်ဖြစ်မှု (Export Readiness)ကို တိုးတက်စေပြီး ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု (Sustainable Economic Development) ကို ရရှိနိုင်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ Summit Parkview တွင်ကျင်းပခဲ့သော မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ ဘေးကင်းလုံခြုံစေခြင်းဖြင့် ပို့ကုန်တည်မြဲမှုကို တည်ဆောက်ခြင်း (Building Export Readiness: Food Safety Development in Myanmar's Agri-Food Sector) အလုပ်ရုံဆွေးနွေးပွဲမှ ကောက်နုတ်၍ ကောင်းနိုးရာရာ တချို့အား စားသုံးသူများ၊ တောင်သူများ၊ တင်ပို့/ တင်သွင်းသူများ၊ SMEs လုပ်ငန်းရှင်များနှင့် သက်ဆိုင်သူများအား နိုင်ငံအကျိုးသယ်ပိုးနိုင်ရေး မျှော်တွေးကာ မျှဝေလိုက်ရပါသည်။

References:

1. Export Readiness and Food Safety Development Programs.
2. World Trade Organization.
3. World Health Organization.
4. Food and Agriculture Organization.
5. Sanitary and Phytosanitary Measures and International Trade.
6. Codex Alimentarius Commission (2020).

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေးသည် မတ် ၂၆ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၅၆၀ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ဧပြီ ၁ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၇၂၅ ဒေါ်လာ ဖြစ်ခဲ့သည်ကိုတွေ့ရှိရသည်။ ပြည်တွင်း ရွှေဈေးသည်လည်း မတ် ၂၆ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၇၈၀၀၀၀ပေါက်ဈေးရှိခဲ့ရာမှ ဧပြီ ၁ ရက်တွင် ကျပ် ၁၁၀၃၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို MM Market Price page ၏ ရွှေဈေးကွက်အတွင်းမှ သိရသည်။

Trading Economics တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် GDP သည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၇၅ ဘီလီယံရှိကြောင်း သိရှိရသည်။ Econometric Model အရ မြန်မာနိုင်ငံ၏ GDP သည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၀၅ ဘီလီယံနှင့် ၂၀၂၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၃၇ ဘီလီယံဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

၂၀၂၃ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာလ အစီရင်ခံစာထုတ်ပြန်ချက်အရမြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) တိုးတက်မှုနှုန်းသည် ၂ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွက် GDP တိုးတက်မှုနှုန်းသည် ၃ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း ခန့်မှန်းထားခဲ့သည်ကိုတွေ့ရှိရသည်။ မတ် ၂၆ ရက်မှ ဧပြီ ၁ ရက်နေ့အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာငွေ လဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ မတ် ၂၆ ရက်မှ ဧပြီ ၁ ရက်ထိ ရက်သတ္တပတ်အတွင်း ကျပ် ၄၄၇၀ မှ ၄၄၂၀ ကြားရှိနေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၆-၃-၂၀၂၆ | ၃၀-၃-၂၀၂၆ | ၃၁-၃-၂၀၂၆ | ၁-၄-၂၀၂၆ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်းအတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၂.၈၀၇ | ၃၂.၈၆၄ | ၃၂.၉၂၁ | ၃၂.၉၂၁ | ၀.၃၅ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၂၈၃ | ၁.၂၈၉ | ၁.၂၉၁ | ၁.၂၉၁ | ၀.၆၂ | ↑ |
| ၄ | Malaysian Ringgit | MYR | ၃.၉၉၃ | ၄.၀၂၈ | ၄.၀၄၁ | ၄.၀၄၁ | ၁.၂၀ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၆၈၉၅ | ၁၆၉၉၀ | ၁၆၉၉၀ | ၁၆၉၉၀ | ၀.၅၇ | ↑ |
| ၆ | Chinese Yuan | CNY | ၆.၉၀၅ | ၆.၉၁၁ | ၆.၉၀၇ | ၆.၉၀၇ | ၀.၀၃ | ↑ |
| ၇ | Indian Rupee | INR | ၉၄.၁၂၈ | ၉၄.၇၂၃ | ၉၄.၀၈၆ | ၉၄.၀၈၆ | -၀.၀၄ | ↓ |
| ၈ | Japanese Yen | JPY | ၁၅၉.၄၅၅ | ၁၅၉.၉၈၅ | ၁၅၉.၇၀၆ | ၁၅၉.၇၀၆ | ၀.၁၆ | ↑ |
| ၉ | Australian Dollar | AUD | ၁.၄၄၁ | ၁.၄၅၈ | ၁.၄၅၇ | ၁.၄၅၇ | ၁.၁၁ | ↑ |
| ၁၀ | Euro | EUR | ၀.၈၆၆ | ၀.၈၇၀ | ၀.၈၇၂ | ၀.၈၇၂ | ၀.၆၉ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၄၉ | ၀.၇၅၅ | ၀.၇၅၇ | ၀.၇၅၇ | ၁.၀၇ | ↑ |

Source- Central Bank of Myanmar

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ဧပြီ ၁ ရက် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၈၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း)တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၃ ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ (၁၀၀ ရာခိုင်နှုန်း) Grade B ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၁၊ ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၄၊ ဧည့်မထ(၂၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ ဖြင့်လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅၊ ဧည့်မထ(၂၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၃ ဖြင့်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၉၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၇၊ ပေါင်းဆန်(၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၈ ဖြင့် အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

Thai Rice Exporter Association တွင် ဖော်ပြချက်အရ ဧပြီလ ပထမပတ်တွင် ဆန်ဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် (၁၀၀ ရာခိုင်နှုန်း) Grade B ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၇ မှ ၃၉၁၊ ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၇၂ မှ ၃၈၄ )၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ( ၃၆၉ မှ ၃၈၀ ) နှင့် ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၃ မှ ၄၀၀၊ ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ(၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၆ မှ ၃၆၅၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၉ မှ ၃၄၃ ဖြင့် ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ပါကစ္စတန်နိုင်ငံတို့တွင် ဧည့်မထ(၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ မှ ၃၄၈)၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၄ မှ ၃၃၃၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ (၅ ရာခိုင်နှုန်း)တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၅ မှ ၃၃၉၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၃ မှ ၃၂၇ နှင့် ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၁ မှ ၃၄၈ သို့ ဈေးနှုန်း လျော့ကျမှုရှိကြောင်းလေ့လာတွေ့ရှိရသည်။ Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၂၈ ရာခိုင်နှုန်း ဈေးနှုန်း မြင့်တက်လျက်ရှိကြောင်း တွေ့ရှိရသည်။

ပြည်ပဆန်ဈေးကွက်သတင်းနေဖြင့် မတ် ၂၅ ရက်ထုတ် Channel News Asia သတင်း၏ဖော်ပြချက်အရ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ဆန်ထုတ်လုပ်မှုနှင့် တင်ပို့မှုတွင် အကြီးမားဆုံး နိုင်ငံဖြစ်ပြီး ကမ္ဘာ့ဆန်တင်ပို့မှု၏ စုစုပေါင်း ၄၀ ရာခိုင်နှုန်းခန့်ကို တာဝန်ယူထားကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံသည် ဘာစမာတီ (Basmati) ဆန်တန်ချိန် ၆ သန်းခန့် တင်ပို့ခဲ့ပြီး အများစုမှာ အရှေ့အလယ်ပိုင်းသို့ တင်ပို့ခဲ့သော်လည်း အီရန်နိုင်ငံသည် အဓိကဝယ်ယူသူဖြစ်သောကြောင့် ယခုစစ်ပွဲသည် အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကို လျော့နည်းစေပြီး သင်္ဘောလမ်းကြောင်းများကို အနှောင့်အယှက်ဖြစ်စေသောကြောင့် တင်ပို့သူများမှာ အရှုံးပေါ်မည့်အရေးနှင့် ရင်ဆိုင်နေရကြောင်း အိန္ဒိယဆန်တင်ပို့သူများအဖွဲ့ချုပ်က ပြောကြားခဲ့သည်။

မြန်မာ့ပြည်တွင်းဆန်ဈေးကွက် သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်ဈေးကွက်(လက်ကားဈေး)တွင် ပေါ်ဆန်းနယ်စုံ(အဟောင်း) (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ) တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၄၇၀၀၀ မှ ၁၅၅၀၀၀ ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်း(အဟောင်း)ဆန်တစ်အိတ်လျှင် ကျပ် ၁၈၀၀၀၀ မှ ၁၉၂၀၀၀ ပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သော ဧည့်မထ ၁၅ မှတ်တန် ဆန်တစ်အိတ်လျှင် ကျပ် ၅၂၅၀၀ မှ ၅၄၀၀၀ ကြားနှင့် ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၅၂၅၀၀ မှ ၅၄၀၀၀ ကြားပေါက်ဈေးရှိပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဆန်ချော တစ်အိတ်လျှင် ဈေးနှုန်း ကျပ် ၅၀၀၀ မှ ၁၀၀၀၀ ခန့် မြင့်တက်လာကြောင်း တွေ့ရှိရသည်။

မြန်မာ - တရုတ်နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဧပြီ ၁ ရက်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဆန်ချော(အသစ်) တစ်အိတ်လျှင် ၂၉၈ ယွမ် ဝန်းကျင်ရှိပြီး (ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၆၄၅ ကျပ်နှုန်းရှိသောကြောင့် ဆန်သစ်တစ်အိတ်လျှင် ကျပ် ၁၉၀၀၀၀ ကျော် ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသ ဖြစ်သော မြဝတီမြို့တွင် ဧပြီ ၁ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေ လဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၁၃၆ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် လားရှိုးမြို့တွင် ကျပ် ၅၀၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး ပုသိမ်မြို့တွင် ဧည့်မထ ဆန်တစ်ပြည်လျှင် ကျပ် ၂၄၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရှိရကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## မိရိုးဖလာ စိုက်ပျိုးမွေးမြူရေးမှသည် ဆွဲဆောင်မှုရှိသည့် စီးပွားရေးအသိုက်အဝန်း ဖော်ဆောင်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသော လူမှုစီးပွားရေးကဏ္ဍဖြင့် တောင်သူများ၊ လုပ်ငန်းရှင်များသည် မိမိတို့ အကျိုးစီးပွားနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေကြသည်။ စိုက်ပျိုးရေးလုပ်ငန်းဟူသည် မိခင်မြေလွှာအတွင်းမှ အရင်းအနှီးနည်းနည်းနှင့် အကျိုးစီးပွားဖြစ်ထွန်းသော လုပ်ငန်းတစ်ခုဖြစ်သည်။ တိုးတက်လာသောခေတ်သစ်စိုက်ပျိုးရေး ပတ်ဝန်းကျင်တွင် သီးနှံအလိုက် ကုမ္ပဏီများ၊ လုပ်ငန်းအစုအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ မိမိတို့လုပ်ငန်း နယ်ပယ်တိုးတက်စေရန်အတွက် စိုက်နည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်များဖြင့် အဆင့်မြှင့်တင်ခြင်း သီးနှံအလိုက် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းဖြင့် စီးပွားရေးပတ်ဝန်းကျင်ကောင်း တည်ဆောက်နေကြပေသည်။ စိုက်ပျိုးရေးသီးနှံဖုန်များ ထွန်းကားလာသည်။ ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက ပြည်ပဈေးကွက်သို့ တိုးတက်တင်ပို့နေကြပေသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် ခွဲခြားမရ အတူယှဉ်တွဲရမည့် ဝန်းကျင်နှစ်ခုဖြစ်သည်။ စိုက်ပျိုးရေးထွက်ကုန်များသည် မွေးမြူရေးဝန်းကျင်အတွက် မရှိမဖြစ် အစာလိုအပ်ချက်ဖြစ်သလို မွေးမြူရေးမှ ထွက်လာသည့် ဘေးထွက်ပစ္စည်းများသည် စိုက်ပျိုးရေးဝန်းကျင်အတွက် အကောင်းဆုံး သဘာဝမြေဩဇာဖြစ်နေသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်းကျင်နှစ်ခုစလုံးကို အတူယှဉ်တွဲ တိုးတက်စေပြီး မိမိတို့၏ စိုက်မွေးဧရိယာများသည် တောတောင်ရေမြေကို နစ်နာဆုံးရှုံးမှုမရှိစေဘဲ ဆွဲဆောင်မှုရှိသည့် စီးပွားရေးအသိုက်အဝန်းအဖြစ် ဖန်တီးပြီး ခရီးသွားလုပ်ငန်းများပေါ် ထည့်သွင်းစီမံ အကောင်အထည်ဖော်သင့်ပါသည်။

အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန နှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်တွင် ပူးပေါင်း၍ ခရီးသွားလာရေးကဏ္ဍမဟာဗျူဟာကို အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်းကျင်များ ယှဉ်တွဲ၍ အပိုဝင်ငွေ ခရီးသွားလုပ်ငန်းဆွဲဆောင်မှုကိုပါ ဆောင်ရွက်သင့်သည်။ ရှမ်းပြည်နယ်တွင် စတော်ဘယ်ရီစိုက်ခင်းများ၊ လိမ္မော်စိုက်ခင်းများ၊ ကော်ဖီစိုက်ခင်းများ၊ လက်ဖက်စိုက်၊ ထောပတ်၊ ပန်းနှမ်းစိုက်ခင်းများသည် ခရီးသွားများကို အထူးဆွဲဆောင်နိုင်သည့် အခွင့်အလမ်းကောင်းများ ပိုင်ဆိုင်နေသည်။ ခေတ်မီအော်ဂဲနစ်စိုက်ခင်းများ၊ သီးနှံစုံစိုက်ခင်းများနှင့်လည်း ဆွဲဆောင်မှု ပြုနိုင်သည်။

အချုပ်အားဖြင့်ဆိုလျှင် ခရီးသွားလုပ်ငန်းဝန်ဆောင်မှုသည် တစ်ခါရင်းနှီးမြှုပ်နှံပြီးလျှင် ရေရှည်စားသုံးနိုင်သည့် ဝန်ဆောင်မှုတစ်မျိုးဖြစ်သည်။ မိရိုးဖလာ စိုက်ပျိုးမွေးမြူရေးမှသည် အများပြည်သူနှင့် ပြည်ပခရီးသွားများပါ စိတ်ဝင်စားလာအောင် စိုက်ပျိုးမွေးမြူရေး အခြေခံအဆောက်အအုံ တည်ဆောက်ပြီး စိုက်ပျိုးမွေးမြူရေး ခရီးသွားလုပ်ငန်းဝန်ဆောင်မှုကိုလည်း မြှင့်တင်ဆောင်ရွက်သင့်ကြောင်း အကြံပြုရေးသားရပေသည်။

**တင်ဌေး (တောင်ကြီး)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် မတ် ၃၀ ရက် Global Petrol Prices Website တွင် ယခုအပတ်အတွက် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၃၄ နိုင်ငံအနက် Botswana နိုင်ငံသည် ယခုတစ်ပတ်တွင် ၃၂ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး အာရပ်စော်ဘွား နိုင်ငံတွင် ၃၂ ဒသမ ၃၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၂၈ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် ဖီဂျီနိုင်ငံတွင် ၂၀ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၆၉ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ယခုအပတ်အတွက် ဖော်ပြချက်အရ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ အယ်လ်ဂျီးရီးယား၊ အာမေးနီးယား၊ ကိုလံဘီယာ၊ အီသီယိုးပီးယား၊ ဟန်ဂေရီ၊ မော်လ်ဒိုက်၊ နိုင်ဂျီးရီးယား၊ ပနားမား၊ ပါရာဂွေးနှင့် ဇင်ဘာဘွေ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၅၀ ၏ ဓာတ်ဆီဈေးနှုန်းများမှာ ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရသည်။

မတ် ၃၀ ရက် Global Petrol Prices Websiteတွင် ဖော်ပြထားရှိသည့် အာဆီယံနိုင်ငံများ၏ ဓာတ်ဆီဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၂၈ ဒသမ ၇၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၁၈ ဒသမ ၃၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၁၆ ဒသမ ၀၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁၁ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် လာအိုနိုင်ငံတွင် ၂ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး စင်ကာပူနိုင်ငံတွင် သုည ဒသမ ၇၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၄ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် ၈ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ထို့အပြင် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဆီဈေးနှုန်းအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၃၄ နိုင်ငံအနက် အာရပ်စော်ဘွားနိုင်ငံသည် ယခုတစ်ပတ်တွင် ၇၂ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း မြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး Botswana နိုင်ငံတို့တွင် ၅၃ ဒသမ ၉၀ ရာခိုင်နှုန်း၊ Curacao နိုင်ငံတွင် ၃၆ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် ဖီဂျီနိုင်ငံတွင် ၃၅ ဒသမ ၀၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၈၂ နိုင်ငံရှိကြောင်း တွေ့ရှိရပသည်။

Global Petrol Prices Website ၏ ယခုအပတ်အတွက် ဖော်ပြချက်အရ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ အယ်လ်ဂျီးရီးယား၊ အာမေးနီးယား၊ ကိုလံဘီယာ၊ ဟန်ဂေရီ၊ ကင်ညာ၊ လီဆိုသို၊ မော်လ်ဒိုက်၊ ပနားမား၊ ပီရူး၊ တောင်အာဖရိက၊ သီရိလင်္ကာနှင့် ဇင်ဘာဘွေ အပါအဝင် နိုင်ငံပေါင်း ၄၇ နိုင်ငံ၏ ဒီဇယ် ဈေးနှုန်းများမှာ ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဂျပန်၊ တူရကီ (တူကီယဲ)၊ တောင်ကိုရီးယား၊ လူဇင်ဘတ်နှင့် နော်ဝေ စသည့် နိုင်ငံများဖြစ်ပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် ဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရသည်။

မတ် ၃၀ ရက် Global Petrol Prices Websiteတွင် ဖော်ပြထားရှိသည့် အာဆီယံနိုင်ငံများ၏ ဒီဇယ်ဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၂၄ ဒသမ ၃၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၃၁ ဒသမ ၁၀ ရာခိုင်နှုန်း၊ လာအိုနိုင်ငံတွင် ၂၆ ဒသမ ၂၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၂၁ ဒသမ ၃၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၁၆ ဒသမ ၉၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁၆ ဒသမ ၂၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၇ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံတွင် ၅ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ မတ် ၃၀ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီနှင့် ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၅၇ | ၁.၇၄ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၃ | ၀.၈၆ |
| ၃ | ထိုင်း | လီတာ | ၁.၆၀ | ၁.၂၂ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၄ | ၁.၃၆ |
| ၅ | စင်ကာပူ | လီတာ | ၂.၅၅ | ၂.၉၈ |
| ၆ | မလေးရှား | လီတာ | ၀.၉၆ | ၁.၃၆ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၅၉ | ၁.၉၇ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၅၅ | ၁.၈၀ |
| ၉ | လာအို | လီတာ | ၁.၇၈ | ၁.၈၉ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၃၃ | ၁.၂၀ |
| ၂ | ဂျပန် | လီတာ | ၁.၁၃ | ၀.၉၉ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၈ | ၀.၉၇ |

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၆၈၅၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၈၄၀၀၊ ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၆၁၃၀၊ ဒီဇယ် တစ်လီတာလျှင် ၆၆၀၅ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၄၉၇၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၅၄၅၀၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၄၉၉၀၊ ဒီဇယ် တစ်လီတာလျှင် ၅၄၆၅ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်းတွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဓာတ်ဆီတစ်လီတာလျှင် ၁၁၂၅ ကျပ် ဈေးနှုန်း ဒီဇယ် တစ်လီတာလျှင် ၁၂၆၅ ကျပ် ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

# ရှားပါးပြီး ဈေးကွက်ဝင်သော ကင်းပုစွန် (ခေါ်) ပကန်းအကြောင်း သိကောင်းစရာများ

ကင်းပုစွန်များမှာ အခွံမာရေနေသတ္တဝါအုပ်စုတွင် ပါဝင်သည်။ ကင်းပုစွန်ကို အင်္ဂလိပ်အမည် (Mantis Shrimp)ဟုခေါ်ဆိုကြပြီး သိပ္ပံအမည်မှာ Harpiosquillasp ဟုသိရသည်။ မြိတ်ဒေသအခေါ်မှာ ပကန်းဟုသိရသည်။ ကမ္ဘာပေါ်တွင် ကင်းပုစွန်မျိုးစိတ်ပေါင်း ၄၅၀ ကျော်ခန့်ရှိကြသည်ကို မှတ်တမ်းများ အရ သိရှိရသည်။



မြန်မာနိုင်ငံတွင် ကင်းပုစွန် ခုနစ်မျိုးခန့်တွေ့ရပြီး ဒေသအခေါ်အရ အဝါ၊ အစိမ်း၊ အနီ၊ အဖြူ၊ အညို၊ လိမ္မော်၊ ခရမ်းဟူ၍ဖြစ်သည်။ ထိုခုနစ်မျိုးတွင်မှ အစိမ်းနှင့်အနီ နှစ်မျိုးကို ပိုမိုတွေ့ရသည်။ကင်းပုစွန်အစိမ်းရောင်ကို အထီး/အမ ခွဲခြားဝယ်ယူကြပြီး အနီမျိုးကိုမူ အထီး/အမ မခွဲခြားဘဲ ဝယ်ယူကြသည်။

ကင်းပုစွန်များမှာ ခြေထောက်ငါးစုံပါရှိကြပြီး လက်တွင် ရှိသောညှပ်မှာ ကြီးမားရှည်လျားကြသည်။ ညှပ်အတွင်း၌ လွှသွားပုံဆူးအထစ်များရှိသည်။ ကင်းနှင့်တူ၍ ကင်းပုစွန်ဟု ခေါ်ဆိုကြပြီး ကင်းမြီးကောက်၏ အမြီးနှင့်တူသော အမြီး/ပုစွန်လက်မနှင့်တူသော လက်မသဏ္ဍာန်ရှိသည့် ကင်းဟူ၍ သိရသည်။ ကင်းပုစွန်ကို အထီး/အမ ခွဲခြားရာတွင် လက်ညှပ်တိုပြီး ဝနေလျှင်အမ၊ လက်ညှပ်ရှည်ပြီး ပိန်နေလျှင်အထီးဖြစ်သည်ဟုသိရသည်။ မြိတ်/ရခိုင်/ဧရာဝတီဘက်တွင် ကင်းပုစွန်များကို ပိုမိုတွေ့ရှိရပြီး မွန်ပြည်နယ်တွင် အဝါနှင့် အစိမ်း နှစ်မျိုးကို တွေ့ရသည်။

ကင်းပုစွန်များမှာ တန်ဖိုးကြီးလှသလို ရှားလည်းရှားပါလှသည်။ ကင်းပုစွန်များကို ကျားပိုက်၊ သုံးထပ်ပိုက်များတွင်ဖမ်းမိကြသလို ဒီရေတောစပ် ဝန္ဒင့်ရွံ့နွံများတွင် လက်နှိုက်၍ ဖမ်းဆီးရမိတတ်ကြသည်။

နိုဝင်ဘာလနှင့် မေလအထိ ရမိတတ်ကြပြီး အထူးသဖြင့် ဆောင်းရာသီအအေးများချိန်၌ ပို၍ဖမ်းမိတတ်ကြသည်။ ကင်းပုစွန်ကို ပင်လယ်ပိုင်းနှင့် ရွှံ့နွံထူသော ကမ်းခြေရေပြင်တွင် တွေ့ရများသည်။ အောက်ခြေရွှံ့နွံများတွင်လည်း နေလေ့ရှိကြသည်။ အစာရှာဖို့အတွက် တွင်းထဲမှ အပြင်သို့ အစာရှာထွက်လေ့ရှိသည်။ ရေအနက်ပေ ၄၀ ခန့်အထိ ကင်းပုစွန်များကို မြင်တွေ့နိုင်ကြသည်။

ကင်းပုစွန်များမှာ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လများတွင် မျိုးပွားသားပေါက်ကြသဖြင့် ထိုကာလ၌ ကင်းပုစွန်ဖမ်းဆီးရောင်းဝယ်စုဆောင်းခြင်းမပြုရန် ပိတ်ပင်ကာလလည်းဖြစ်သည်။ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသများတွင် ကင်းပုစွန်ဖမ်းသည့် ရေလုပ်ငန်းကို ကင်းပိုက်လုပ်ငန်းဟုလည်း ခေါ်ကြသည်။

ကင်းပုစွန်သည် ချိုသောအရသာ ရှိသောကြောင့် လူကြိုက်များပြီး ဈေးကောင်းလှသည်။ ပြည်တွင်းဈေးကွက်တွင် ရန်ကုန်နှင့် နေပြည်တော်သို့ တင်ပို့ရောင်းချပြီး ထိုင်း၊ တရုတ်နိုင်ငံ များသို့ပါ တင်ပို့ရောင်းချသည့်အတွက် ပြည်ပဝင်ငွေ ရရှိနိုင်သော ပို့ကုန်တစ်မျိုးဖြစ်သည်။ ကင်းပုစွန်တစ်ကီလိုလျှင် အသေး ကျပ် ၁၅၀၀၀ မှ ၂၅၀၀၀ ထိ၊ အလတ် ကျပ် ၂၅၀၀၀ မှ ၄၀၀၀၀ ထိ၊ အကြီး ကျပ် ၄၀၀၀၀ မှ ၇၀၀၀၀ ထိ အသီးသီး ဈေးနှုန်းရှိကြသည်။

ကင်းပုစွန်နှင့်ပတ်သက်၍ နာမည်ကြီး ဟင်းလျာများမှာ ကင်းပုစွန်ပေါင်း၊ ကင်းပုစွန်ကင်၊ ကင်းပုစွန်သုပ်တို့ဖြစ်ကြသည်။ ကင်းပုစွန်အခွံကိုလည်း ရုံးခန်း၊ ဧည့်ခန်းများတွင် အလှဆင်ပစ္စည်းအဖြစ် ချိတ်ဆွဲထားလေ့ရှိကြကြောင်း ရေးသားလိုက်ရပါသည်။

**ညိုညို (မြိတ်)**

## မော်လမြိုင် ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ရော်ဘာဈေးနှုန်းဈေးကွက်

**ဘိလပ်မြေ**

မော်လမြိုင်မြို့၌ မတ်လ စတုတ္ထပတ်တွင် ဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိနေပြီး ဈေးနှုန်းအနည်း ငယ်မြင့်တက်လာကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ် ပုံမှန်ဖြစ်နေသောဈေးမှာ မတ်လ နောက်ဆုံးပတ်တွင် ကြံ့အသစ် တစ်အိတ်လျှင် ကျပ် ၂၉၃၀၀၊ ကြံ့တံဆိပ်(အဝါ) တစ် အိတ်လျှင် ကျပ်၃၂၀၀၀၊ ကြံ့နှစ်ကောင်(အနီ) တစ်အိတ်လျှင် ကျပ် ၃၄၀၀၀၊ ကြံ့တစ်ကောင်(အပြာ) တစ်အိတ်လျှင် ကျပ် ၂၆၃၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေသည်။ မော်လမြိုင်မြို့ ၌ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းမှာ အရောင်းအဝယ် ပုံမှန်ရှိနေပြီး ဈေးနှုန်းအနည်းငယ် မြင့်တက်လာကြောင်း သိရှိရသည်။

**ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး**

မတ်လစတုတ္ထပတ်တွင် ကွန်ပေါင်း (မြန်မာ့ဩဘာ ရွှေ ကောမက်) 15:15:15 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ကွန်ပေါင်း 20:12:12 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ကွန်ပေါင်း (Thai Grow How) 15:15:15 50kg ပါတစ်အိတ်လျှင် ကျပ် ၂၈၀၀၀၀၊ ပုလဲ(အသေး) ၄၆% မြန်မာ (MPE)50kg ပါတစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ ပုလဲ(အကြီး) ၄၆% ထိုင်း(မြင်းပျံ) 50kg ပါတစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ပုလဲအသေး တရုတ် (ရွှေတောင်) 50kg ပါတစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ပိုတက် (အာမို) 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ပိုတက်(မြန်မာ့ဩဘာ) 50kg ပါတစ်အိတ်လျှင် ကျပ် ၁၅၇၀၀၀၊ တီစူပါ(သံကွင်း)50kg ပါတစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ပိုးသတ်ဆေးအမျိုးအစားဖြစ်သည့် မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc တစ်ပုလင်းလျှင် ကျပ် ၆၀၀၀ မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 500cc တစ်ပုလင်းလျှင် ကျပ် ၂၅၀၀၀၊ ဖျူရာဒါန် ၃ ဂျီ (မြန်မာ့ဩဘာ) 1 Kg ပါ တစ်ထုပ်လျှင် ကျပ် ၁၉၀၀၀၊ အဆီဖိတ်(ခရု) မြန်မာ့ဩဘာ 500kg ပါ တစ်ထုပ်လျှင် ကျပ် ၃၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**ရော်ဘာ**

မွန်ပြည်နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များအနေဖြင့် အပတ်စဉ် အရောင်းအဝယ်ပုံမှန်ရှိနေသည်။ ရော်ဘာဈေးနှုန်းမှာအဖွင့်ရာသီတွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၃၅၀၀ ရှိခဲ့ပြီး ၂၀၂၆ ခုနှစ် မတ် ၂၇ ရက်မှ မတ် ၃၁ ရက် ထိဈေးနှုန်းမှာ မော်လမြိုင်မြို့တွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၂၉၈၀ ပေါက်ဈေး ဖြစ်ပေါ်နေပြီး ယခင်တစ်ပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ၆၀ ကျပ် ခန့် ဈေးနှုန်းတက်လာကာ ယခင်နှစ် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပေါင် လျှင် ကျပ် ၁၂၀ ခန့် ဈေးနှုန်းကျလာခဲ့သည်။ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သယ်ယူခနှုန်းထားမှာ 50kg ပါတစ်ထုပ်လျှင် ကျပ် ၃၆၀၀၊ ရော်ဘာ တစ်တန် လျှင် ကျပ် ၇၂၀၀၀ ဖြင့်လည်းကောင်း၊ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ သယ် ယူခနှုန်းထားမှာ 50kgပါ တစ်ထုပ်လျှင် ကျပ် ၅၃၀၀၊ ရော်ဘာတစ် တန်လျှင် ကျပ် ၁၀၆၀၀၀ ဖြင့် သယ်ယူပို့ဆောင်ပေးရကြောင်း သိရှိရသည်။

**အောင်မြင့်မြတ်(မွန်)**

## မိတ္ထီလာခရိုင် ပဲ၊ နှမ်း၊ ကြက်သွန်ဈေးကွက်

**ပဲစင်းငုံ**

မိတ္ထီလာခရိုင်တွင် ပဲမျိုးစုံအနက် ပြည်တွင်း၊ ပြည်ပ ဝယ်လိုအားရှိသည့် ပဲစင်းငုံကို အဓိက စိုက်ပျိုးကြသည်။ ဈေး ကွက်အတွင်း မိတ္ထီလာမြို့နယ်၊ သာစည်မြို့နယ်၊ မလှိုင်မြို့နယ် များမှ ကျေးရွာများမှထွက်ရှိသော ပဲစင်းငုံများ မြို့ပေါ်ပွဲရုံ များ၌ တစ်ရက်လျှင် အိတ် ၅၀-၁၀၀ ခန့်သာ ဝင်ရောက်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

မတ်လ စတုတ္ထပတ်တွင် ဈေးကွက်အတွင်းဖြစ်ပေါ် နေသော ပဲစင်းငုံဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၉၀၀၀၀ ဖြစ်ပြီး ယခင်လ ကာလတူနှင့်ယှဉ်လျှင် ပဲစင်းငုံတစ်တင်း လျှင် ကျပ် ၈၀၀၀ ခန့်ဈေးနှုန်းကျဆင်းလာကြောင်း၊ ဈေးနှုန်း ကျဆင်းလာရခြင်းမှာ ဈေးကွက်လက်ကျန်နည်းခြင်း၊ ပြည်ပ ဝယ်လက်နည်းလာခြင်းကြောင့်ဖြစ်သည်ဟု သိရသည်။

**နှမ်း**

မိတ္ထီလာမြို့ ဆီထွက်သီးနှံဈေးကွက်တွင် နှမ်းကို မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များမှ ရာသီချိန်တွင် အဝင် များပြီး လက်ရှိကာလတွင်အနည်းငယ်သာ ဝင်ရောက်လျက်ရှိ ကြောင်း သိရသည်။

မတ်လစတုတ္ထပတ်အတွင်း မြို့ပေါ်ပွဲရုံများ၌ တစ်ပတ် လျှင်အိတ် ၃၀-၄၀ ခန့်သာ အရောင်းအဝယ်လျက်ရှိကြောင်း၊ နှမ်းညိုတစ်တင်းလျှင် ကျပ် ၁၁၅၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၂၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခင် လနှင့် ကာလတူနှိုင်းယှဉ်လျှင် နှမ်းညို တစ်တင်းလျှင် ကျပ် ၁၅၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၈၀၀၀ ခန့် ဈေးနှုန်းမြင့် တက်လာကြောင်း၊ ဈေးနှုန်းမြင့်တက်လာရခြင်းမှာ ဈေးကွက် အတွင်း ကုန်ကြမ်းလက်ကျန် နည်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်အနေဖြင့် ဒေသတွင်း ဆီကြိတ်စက်များမှ အများဆုံး ဝယ်ယူကြကြောင်း သိရသည်။

**ကြက်သွန်နီ**

စားဖိုဆောင်သီးနှံများ တစ်မျိုးဖြစ်သည့် ကြက်သွန်နီကို မိတ္ထီလာခရိုင်အတွင်း အများအပြား စိုက်ပျိုးရာ ယခုနှစ် ၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီတွင် မိုးကြက်သွန်နီ ၈၄၉ ဧကနှင့် ဆောင်းကြက်သွန်နီကို ၇၇၇၂ ဧက စိုက်ပျိုးခဲ့ကြောင်း သိရ သည်။ မိုးကြက်သွန်နီကို နိုဝင်ဘာလ၊ ဒီဇင်ဘာလများက နုတ်သိမ်းခဲ့ရာ သီးနှံပေါ်စက တောင်သူရောင်းဈေး တစ် ပိဿာလျှင် ကျပ် ၁၀၀၀ ဝန်းကျင်ဖြင့် ရောင်းချခဲ့ရကြောင်း သိရသည်။ ဆောင်းကြက်သွန်နီကို မတ်လ၊ ဧပြီလများတွင် စတင်နုတ်သိမ်းလေ့ရှိရာ ယခုအခါ ဈေးကွက်သို့ နွေကြက်သွန် နီ (ခေါ်)ဆောင်းစိုက်ကြက်သွန်နီများ စတင်ဝင်ရောက်လာ ပြီဖြစ်ကြောင်းသိရသည်။


ကြက်သွန်နီဈေးနှုန်း အနေဖြင့် မတ်လ စတုတ္ထပတ်တွင် တစ်ပိဿာလျှင် ဆောင်းကြက်သွန်နီမှာ ကျပ် ၁၅၀၀ ၊ မိုး ကြက်သွန်နီမှာ ကျပ် ၁၂၀၀-၁၃၀၀ ဈေးရှိပြီး မိုးကြက်သွန်နီ နှင့်ယှဉ်လျှင် ဆောင်းကြက်သွန်နီမှာ အထားခံသည့်အတွက် ဈေးကောင်းပိုရလေ့ရှိသည်။ ဆောင်းကြက်သွန်နီမှာ ရေသွင်း စိုက်ပျိုးရသဖြင့် ယခုအခါ ရေသွင်းခြင်း မပြုတော့ဘဲ ဆော လျင်စွာ နုတ်သိမ်းမှုများရှိလာကြောင်းကိုလည်း ကြက်သွန်နီ ကုန်သည်များထံမှ သိရသည်။

**စားသုံးဆီ**

မိတ္ထီလာမြို့နယ်၌ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာသီးနှံများကို စိုက်ပျိုးကြပြီး ထွက်ရှိလာသော သီးနှံများကို ကုန်ကြမ်းအနေဖြင့်ရောင်းချမှုအပြင် ဒေသတွင်း ဆီစက်များမှ ကြိတ်ခွဲထုတ်လုပ်ပြီး ဒေသတွင်းစားသုံးမှုအပြင် အခြားဒေသများဖြစ်သည့် ရန်ကုန်၊ တောင်ကြီး၊ ကျောက် ဆည်၊ ပျော်ဘွယ်မြို့များသို့လည်း တင်ပို့ရောင်းချလျက်ရှိ သည်။

မတ်လစတုတ္ထပတ် မိတ္ထီလာဈေးကွက်တွင် ဖြစ်ပေါ်နေ သော ဆီဈေးနှုန်းများမှာ ပဲဆီတစ်ပိဿာလျှင်ကျပ် ၂၀၀၀၀၊ နှမ်းဆီ တစ်ပိဿာလျှင်ကျပ် ၁၆၀၀၀-၁၈၀၀၀၊ နေကြာဆီ တစ်ပိဿာလျှင် ကျပ် ၂၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ် လျက်ရှိကြောင်း၊ ယခင်လနှင့် ကာလတူနှိုင်းယှဉ်လျှင် ပဲဆီ တစ်ပိဿာလျှင် ကျပ် ၄၀၀၀၊ နှမ်းဆီတစ်ပိဿာလျှင် ကျပ် ၂၅၀၀၊ နေကြာဆီ တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ခန့် ဈေးနှုန်း မြင့်တက်လာကြောင်း၊ ဈေးနှုန်းမြင့်တက်လာရခြင်းမှ ကုန် ကြမ်းဈေး မြင့်တက်လာခြင်းကြောင့်ဖြစ်သည်ဟု ဆီစက်လုပ် ငန်းရှင်ထံမှ သိရသည်။

**မြို့ရီ၊ သင်းသင်းမြတ် (MDY DOCA )**



## ဘုရင့်နောင်ကုန်စည်ဒိုင်မှ ပဲမျိုးစုံ၊ နှမ်းနှင့် ကြက်သွန်နီ ဈေးနှုန်းအခြေအနေ

**ပဲမျိုးစုံနှင့် နှမ်း**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ကုန်စည်ဒိုင် ပဲနှမ်းအသင်းမှ ၂၀၂၆ ခုနှစ် မတ်လနောက်ဆုံးပတ်တွင် မြေပဲတစ်ပိဿာ လျှင် မြေပဲလုံးဆန် ကျပ် ၁၁၀၀၀ ခန့်၊ မြေပဲဆီ ဆန် တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ ခန့်ရှိသည်။ နှမ်းဖြူ မန္တလေးဈေးမှာ ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၃၅၀၀၀၀ ခန့်ရှိသည်။ နှမ်းနက်(ရိုးရိုး) ဈေး နှုန်းမှာ ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၆၇၀၀၀၀ ခန့်ရှိသည်။

မတ်လ တတိယပတ်တွင် မြေပဲတစ်ပိဿာ လျှင် မြေပဲလုံးဆန် ကျပ် ၁၀၀၀၀ ရှိရာမှ မတ်လ နောက်ဆုံးပတ်တွင် ကျပ် ၁၁၀၀၀၊ မြေပဲဆီဆန် ကျပ် ၉၇၀၀ ရှိရာမှ ကျပ် ၁၀၀၀၀၊ နှမ်းဖြူ မန္တလေး ဈေးမှာ ၄၅ ပိဿာတစ်အိတ်လျှင် ကျပ် ၃၂၅၀၀၀ ရှိရာမှ ကျပ် ၃၅၀၀၀၀ ရှိကြောင်း ဘုရင့်နောင်ကုန် စည်ဒိုင် ပဲနှမ်းအသင်းမှ သိရသည်။

**ကြက်သွန်နီ**

၂၀၂၆ ခုနှစ် မတ်လနောက်ဆုံးပတ်တွင် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင် ရောက်ရာဒေသများဖြစ်သည့် ဆိပ်ဖြူ(ပင်လေး)၊ မြစ်သား၊ တောင်တွင်း၊ မုံရွာဒေသတို့မှ ကြက်သွန်နီ ၁၀၇၄၀၀၀ ပိဿာ ဝင်ရောက်ခဲ့ပြီး ၆၀ ရာခိုင်နှုန်း ခန့် ပြန်လည် စီးထွက်မှုရှိခြင်းကြောင့် ကြက်သွန်နီ လက်ကျန်မှာ ၄၂၉၆၀၀ ကျန်ရှိကြောင်း ကုန်စည် ဒိုင်မှသိရသည်။ မြစ်သား ကြက်သွန်နီ (အသစ်) အချော တစ်ပိဿာ ကျပ် ၁၈၀၀၊ အသန့်မှာ တစ် ပိဿာ ကျပ် ၂၇၀၀၊ အကြီးမှာ ကျပ် ၂၈၀၀၊ ရှယ် မှာ ကျပ် ၂၄၀၀၊ ဆိပ်ဖြူ (ပင်လေး) ကြက်သွန်နီ (အသစ်) အချော တစ်ပိဿာ ကျပ် ၁၃၀၀၊ အသန့် မှာတစ်ပိဿာ ကျပ် ၂၀၀၀၊ အကြီးမှာ ကျပ် ၂၀၀၀၊ ရှယ်မှာ ကျပ် ၂၀၀၀၊ တောင်တွင်း ကြက်သွန်နီ (အသစ်) အချော တစ်ပိဿာ ကျပ် ၁၁၀၀၊ အသန့် မှာ တစ်ပိဿာ ကျပ် ၁၈၀၀၊အကြီးမှာ ကျပ် ၁၈၀၀၊ ရှယ်မှာ ကျပ် ၁၈၀၀၊ မုံရွာကြက်သွန်နီ(အသစ်) အချော တစ်ပိဿာ ကျပ် ၁၃၀၀၊ အသန့် မှာတစ် ပိဿာ ကျပ် ၁၉၀၀၊ အကြီး မှာ ကျပ် ၁၉၀၀၊ ရှယ် မှာ ကျပ် ၁၉၀၀ ဈေးတို့ အသီးသီးရှိကြောင်း စုံစမ်း သိရသည်။



မတ်လ နောက်ဆုံးပတ်တွင် ဆိပ်ဖြူ(ပင် လေး)၊ တောင်တွင်းနှင့် မြစ်သား ကြက်သွန်နီ ဈေး နှုန်းများမှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ် တက်လျက်ရှိကြောင်း သိရသည်။

**တင်တင်ရီ၊ စောသန္တာသောင်း**
**DOCA (ရန်ကုန်)**


ပိုက်တာရစ်ချိန်ဆို အားမရှိမှာ မပူနဲ့နော်
R&B
Right & Bright
℞
VITARICH
Multivitamin - Multimineral Tablets
VITARICH
VITARICH
VITARICH
One Tablet Daily
VITARICH
Multivitamin - Multimineral Tablets
ပိုက်တာရစ်ချ် အားဆေးတွင်
မျက်စိအားကောင်းစေသည့် ဗီတာမင် A
အာရုံကြော အားကောင်းစေသည့် ဗီတာမင် B1, B6 နှင့် B12
ကိုယ်ခံအားကောင်းစေသည့် ဗီတာမင် C
အရိုးတွေကို သန်မာစေသည့် ဗီတာမင် D3, Calcium နှင့် Magnesium
အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးသည့် ဗီတာမင် E
ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးသည့် Zinc တို့အပြင် အခြား ဗီတာမင်နှင့် သတ္တုဓာတ် (၁၅)မျိုးနှင့် ခန္ဓာကိုယ်အတွက် လိုအပ်သည့်အာဟာရဓာတ်များအားလုံး ပါဝင်ပါသည်။
VITARICH
ကို အရွယ်ရောက်ပြီးတဲ့ မိသားစုဝင်တိုင်း
တစ်နေ့တစ်လုံး ပုံမှန်သောက်ပြီး
ကျန်းမာပျော်ရွှင်သော
မိသားစုဘဝလေး
ရရှိပိုင်ဆိုင်နိုင်ကြပါစေ။
ဗီတာမင်နှင့် သတ္တုဓာတ်များစွာပါဝင်သည့် VITARICH အားဆေးလေးနဲ့
သင်္ကြန်နှစ်သစ်လက်ဆောင်အဖြစ် လူကြီးမိဘတွေကို ကန်တော့လိုက်ကြပါစို့နော်
Right & Bright International Co., Ltd. Room 202, Yuzana Tower, Shwe Gone Daing, Bahan Township, Yangon, Myanmar.
09-425027507, 09-73079367



EVER TRUST
INTERNATIONAL DISTRIBUTION CO.,LTD
KAIZEN
LUBRIACANTS
JAPAN
BOEING
KAIZEN
No.90, Veda Street, Near Pyi Taung Su Road, (50) Ward, North Dagon Township, Yangon.
09-430 134 89, 09 889 991 981, 09 977 127 770, 09 778 886 657
infor@kiazenlubricantsjapan.com
www.evertrustinternationaldistribution.com
MADE BY:
JAPAN
Technology
MOODY
INTERNATIONAL CERTIFICATION
UKAS


MY AURA
AESTHETIC CLINIC
ကိုယ်ရောင်အရှိန်အဝါများ
တောက်ပခြင်း၏
လျှို့ဝှက်ချက်
Parami Clinic
09777998838
St.John Clinic
09770333316


GUSTO
စားဖူးသူတိုင်း
ရင်ထဲစွဲတဲ့
COOKIE
BUTTER DRY CAKE
MARBLE DRY CAKE
TASTE OUR ART OF BAKING SCIENCE
Manufactured By FoodCorp
A MEMBER OF DELOUS


Sein
မြန်မာ့အကြိုက် မြန်မာ့အရသာ
မြန်မာ့ရိုးရာ ငရုတ်ဆီ
Sein
Sein
Chili Sauce
Lime Juice
Manufactured By DELOUS


CANOPUS
Myanmar Company Ltd
COXWIN 200
Auginal
NERVE PLUS
Canogrow 3 in 1
Canogrow Syrup
CleaVit
Multivitamins & Minerals
ZEST AZ
MOXICOR C 625
Tablets
ATOR VPC 10
FEROFOL
SILOS
Imported and Marketed By
CANOSTAR Ventures Co., Ltd
Room No.5, Building B, Shwe Nguwar Street,
Shwe Sable Yeik Mon Housing,
Kamayut T/S, Yangon, Myanmar.
+95 1 535399
canopusmyanmar@gmail.com


LYM
LA YEIK MON Co., Ltd.
yuwell
yuwell
promeddle
Yangon Office:
No.124, Sapal Street, Bo Lein Aung Mingalar Ward, Tarmwe Township, Yangon
09793039686, 09403713918
Mandalay Office
No.7,55A,between 33*34, Chan Aye Thar Zan Township, Mandalay
09972174966

# သဘာဝက ဖန်တီးပေးသည့် လက်ဆောင်များဖြင့် ထုတ်လုပ်ထားသော ယနေ့ခေတ်စားလာသည့် Eco Printing သဘာဝထုတ်ကုန် အထည်များနှင့် ယနေ့ဈေးကွက်

စန္ဒာစိုးလွင်(မကွေး)

### Eco Printing

Eco Printing ဆိုသည်မှာ သစ်ပင်၊ သစ်ကိုင်း၊ အရွက်နှင့် အပွင့်များမှရရှိသော သဘာဝအရောင်ခြယ်ပစ္စည်းများကို အသုံးပြု၍ အထည်များပေါ်တွင် သဘာဝဒီဇိုင်းနှင့် ပုံရိပ်များကို ရိုက်နှိပ် ဖော်ဆောင်ထားသည့် နည်းပညာတစ်ခုဖြစ်သည်။ တိုးတက်မှု မရှိသေးသော ရှေးယခင်ခေတ်များက ချည်ထည်များကို သဘာဝဆိုးဆေးများဆိုးပြီး ဝတ်ဆင်ခဲ့ကြသည်။ ယနေ့ခေတ် ခေတ်ရေစီးကြောင်း ပြန်လည်တစ်ကျော့လည် နိုးထလာသည့်အချိန်တွင် သဘာဝဆိုးဆေးများဖြင့် မွမ်းမံထားသော Eco Printing အထည်များကို အမြတ်တနိုး ပြန်လည်ဝတ်ဆင်လာကြသည်ကို တွေ့ရသည်။

မတိုးတက်သေးသည့် ယခင်ခေတ်များစွာက သဘာဝမှ ရရှိသည့် ချည်ထည်များကို သဘာဝဆိုးဆေးများဆိုးပြီး အမြတ်တနိုး ဝတ်ဆင်ခဲ့ကြသည်။ ယနေ့ခေတ် ခေတ်ရေစီးကြောင်း တစ်ကျော့ ပြန်လည် နိုးထလာသည့်အချိန်တွင် eco print အထည်များကို ဒီဇိုင်းစုံချုပ်လုပ်ပြီး အမြတ်တနိုး ပြန်လည်ဝတ်ဆင်လာကြသည်ကို တွေ့ရှိရပြီး Eco printing အထည်များကို အဝတ်အစားများသာမက မာဖလာများ၊ ခန်းဆီးလိုက်ကာများအနေဖြင့် အသုံးပြုကြသည်။




### Eco Printing ဖြင့် ထုတ်လုပ်ခြင်း

Eco printing ဖြင့်ထုတ်လုပ်သည့် နည်းလမ်းများအနက် အလွယ်ကူဆုံးနှင့် အရိုးရှင်းဆုံး နည်းလမ်းမှာ အရွက်များကို ချည်ထည်စများပေါ်သို့တင်၍ တူဖြင့်ထုကာ ပုံဖော်ခြင်းပင်ဖြစ်ပါသည်။ အပွင့်များထက် အရွက်များကိုအသုံးပြုပါက အထည်ပေါ်တွင် ပိုမိုစွဲမြဲမှုရှိသဖြင့် ပွင့်ဖတ်များထက် အရွက်များကိုအသုံးပြုပါက ပိုမိုစွဲထင်နိုင်ပါသည်။ ဩဇာရွက်၊ ဧကရာဇ်ရွက်၊ တမာရွက်၊ ပေါက်ပန်းဖြူရွက်၊ မြင်းခွာရွက်၊ ဒန့်သလွန်ရွက်၊ သပြေရွက်၊ စွယ်တော်ရွက်၊ ဂန္ဓမာရွက်၊ မေမြို့ပန်းရွက် စသည့် အရွက်များအပြင် မိုးရာသီတွင် အုတ်နံရံပေါ်ပေါက်သည့် ကျောက် ခက်ပန်းခိုင်များ၊ အလှဆင်ရာတွင်သုံးသော ငါးမြီးရိုးခိုင်များကို အသုံးပြု၍ ရိုက်နှိပ်နိုင်ပါသည်။ ထိုသို့ရိုက်နှိပ်ရာတွင် သရက်ရွက်ကဲ့သို့ မာသောအရက်များမှာ အရည်ထွက်မှုနည်းပါးသည်။ အပွင့်များမှာ အောင်မဲညိုပွင့်၊ နှင်းဆီပွင့်၊ ဂန္ဓမာပွင့်ဖတ်၊ တရုတ်စကားပွင့်အနီများ၊ ကုလားပန်းပွင့်များကို အသုံးပြုကြသည်။ အပွင့်လိုက် ရိုးတံဖြုတ်၍ဖြစ်စေ၊ ပွင့်ချပ်များ တစ်ခုချင်းဖြုတ်၍ဖြစ်စေသုံးနိုင်သည်။ အရွက်နုကို မသုံးရဘဲ အရွက်ရင့်သုံးမှသာ အရည်ထွက်မည်ဖြစ်ပြီး အရွက်များကိုလည်း မိမိနှစ်သက်သလိုပုံစံညှပ်၍ အသုံးပြုနိုင်သည်။ ဓာတုဆိုးဆေးများကို အသုံးမပြုဘဲ သဘာဝအရင်းအမြစ်များဖြင့်သာ အသုံးပြု ထားသဖြင့် ပတ်ဝန်းကျင်ကို မထိခိုက်စေသည့် ရေရှည်တည်တံ့သော အဝတ်အထည် ထုတ်လုပ်မှု နည်းလမ်းကောင်းတစ်ခုလည်းဖြစ်သည်။

### Eco Printing ပြုလုပ်နည်းအဆင့်ဆင့်

ရှေးဦးစွာ မိမိရိုက်နှိပ်လိုသော ချည်စကို ပဲနို့တစ်ဆ ရေလေးဆရောထားသော အရောတွင် တစ်ညစိမ်ပြီးနောက် ရေညှစ်ကာ လှန်းရပါသည်။ ချည်စခြောက်သွေ့သည့်အခါ အထက်ပါ နည်းလမ်းအတိုင်း သုံးကြိမ်စိမ်ပေးရပါမည်။ ခြောက်သောအခါ ထိုနည်းအတိုင်း သုံးကြိမ်စိမ်ပေးရပါမည်။ ထို့ နောက် ထိုအစပေါ်တွင် မိမိရိုက်နှိပ်လိုသည့် အရွက်နှင့် အပွင့်များကို ကြိုက်ရာပုံစံ ခင်းကျင်း၍ အပေါ်မှ ပလတ်စတစ်စ သို့မဟုတ် ချည်စ အပါးဖုံးကာ အောက်ခံသစ်သားပြားပေါ်တွင် တူနှင့်ထုရပါမည်။ တူထုရာတွင် အောက်ဘက်ရှိအရွက်များ နေရာမရွေ့စေရန် သတိပြု၍ ထုပေးရပါမည်။ ရိုက်နှိပ်ပြီးပါက အပေါ် ယံအဝတ်ပါးကိုခွာ၍ အောက်မှ ချည်စကို ခြောက်အောင်ထားပေးရပါမည်။ ထို့နောက် ထို အစကို ရှလကာရည်တွင် တစ်နာရီခန့်စိမ်ကာ ဆပ်ပြာ အပျော့စားဖြင့် လျှော်ပေးရပါမည်။ Eco print ထည်များသည် သဘာဝအတိုင်း သစ်ရွက်စိမ်းနံ့သင်းပျံ့ကာ နူးညံ့သိမ်မွေ့ သောအသွင်ကို ဆောင်ပါသည်။ သို့ရာတွင် စက်ရိုက်ထည်များကဲ့သို့ အကြမ်းမခံသည့်အတွက် ကြိမ်ဖန်များစွာ လျှော်ဖွပ်ခြင်း မပြုရပါ။ လျှော်ဖွပ်ရာတွင်လည်း ဆပ်ပြာမှုန့်မသုံးရပါ။ Eco print ထည်များသည် ကာလကြာသော် အရွက်များအရောင်သည် အပင်ရှိ အရွက်များအတိုင်း အရောင်မှိန်လာနိုင်ပါသည်။ သဘာဝကပေးသည့် အလှတရားများဖြင့် ပုံဖော်ရိုက်နှိပ်ထားသဖြင့် သဘာဝကို ချစ်မြတ်နိုးသူတို့အတွက် တန်ဖိုးဖြတ်၍ မရသည့် လက်ဆောင်မွန်လည်း ဖြစ်သည်။

### ယနေ့ခေတ်စားနေသော Eco Print ထုတ်ကုန်များ

ယခင်က Eco Printing သဘာဝထုတ်ကုန် အထည်များမှာ အကျီနှင့် ပုဆိုးများသာ ထုတ်လုပ်ကြသော်လည်း ယခုအခါ အဝတ်အထည်များအနေဖြင့် ချည်သား(Cotton) နှင့် ပိုးသား (Silk) များပေါ်တွင် ရိုက်နှိပ်ထားသော ရင်ဖုံးအကျီ၊ တီရှပ်၊ လုံချည်နှင့် ဂါဝန်ရှည်များ၊ မာဖလာများ၊ အိတ်များနှင့် ဦးထုပ်များ၊ စားပွဲခင်းများ၊ ခေါင်းအုံးစွပ်များနှင့် နံရံကပ်အလှဆင်ထားသည့် အထည်ချုပ် များ အစရှိဖြင့် ထုတ်လုပ်လာကြသည်။

### ထုတ်လုပ်ရာဒေသများ

ထုတ်လုပ်ရာ ဒေသများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆောက်မြို့၊ အင်းလေးဒေသတို့သည် Eco Printing သဘာဝထုတ်ကုန် အထည်များအဓိကထွက်ရှိရာ ဒေသများ ဖြစ်ကြသည်။

### ဈေးနှုန်းဈေးကွက်

Eco Printing ဖြင့်ထုတ်လုပ်၍ ချုပ်လုပ်ထားသော မဝတ်အပေါ် ထပ်တစ်ထည်လျှင် ကျပ် ၄၉၀၀၀ မှ ၅၅၀၀၀၊ အစ တစ်ကိုက်လျှင် ကျပ် ၂၅၀၀၀ မှ ၃၀၀၀၀၊ ပဝါတစ်ထည်လျှင် ကျပ် ၂၈၀၀၀ မှ ၃၀၀၀၀၊ မဝတ် ရင်ဖုံးတစ်ထည်လျှင် ကျပ် ၄၀၀၀၀ မှ ၄၅၀၀၀၊ အသင့်ချုပ်ပြီး မဝတ် ဝမ်းဆက်တစ်စုံလျှင် ကျပ် ၁၅၀၀၀၀ မှ ၁၇၀၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

Eco Printing အထည်လုပ်ငန်းသည် သဘာဝမှ ဖန်တီးပေးထားသည့် လက်ဆောင်များဖြစ်သည့် သဘာဝအလှတရားများကို မိမိ၏ အနုပညာဖြင့် ပေါင်းစပ်ပြီး စီးပွားဖြစ် ဖန်တီးလုပ်ကိုင်ထားသည့် လုပ်ငန်းသည် သဘာဝကပေးသည့် လက်ဆောင်များကို အနုပညာနှင့်ပေါင်းစပ်ပြီး စီးပွားဖြစ် ဖန်တီးနိုင်သည့် လုပ်ငန်းတစ်ခု ဖြစ်သည်။

သို့ဖြစ်၍ သဘာဝကိုချစ်မြတ်နိုးခြင်းသည် မိမိကိုယ်ကို တန်ဖိုးထားခြင်းဟုဆိုသကဲ့သို့ Eco Printing ထုတ်ကုန်များသည် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ဒေသထွက်ကုန်များကို အခြေခံထားခြင်းဖြစ်သဖြင့် အနာဂတ်တွင် Green Economy အစိမ်းရောင်စီးပွားရေးတွင် အရေးပါသည့် အစိတ်အပိုင်းတစ်ခု ဖြစ်လာမည်ဖြစ်ပြီး MSMEs အသေးစားစီးပွားရေး လုပ်ငန်းများတွင် လည်း ပါဝင်နိုင်မည်ဖြစ်သည်။ ထို့အပြင် ဒေသတွင်း အလုပ်အကိုင်များ ရှားပါးမှုမှ လျှော့ချပေးနိုင်သည့်အပြင် ပြည်တွင်းထုတ်ကုန်များကိုလည်း အားပေးရာရောက်မည်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးရာရောက်ပါကြောင်း ရေးသားတင်ပြ လိုက်ရပါသည်။

# အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီ တင်ပို့မှု ၅၉ ဒသမ ၆၃ ရာခိုင်နှုန်း မြင့်တက်လာ

အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီအကြမ်း (CPO) နှင့် ၎င်း၏ နောက်ဆက်တွဲထွက်ကုန်များ တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ဒသမ ၂၉ ဘီလီယံအထိ ရရှိခဲ့ကြောင်း သိရပါသည်။ စားအုန်းဆီ ထောက်ပံ့မှုကဏ္ဍတွင် ထိပ်တန်းမှ ဦးဆောင်နေသည့် အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၅ ခုနှစ်၊ အလားတူကာလတွင် အဆိုပါ ဟင်းသီးဟင်းရွက်ဆီ အမျိုးအစားမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄ ဘီလီယံအထိ ရရှိခဲ့ကြောင်း သိရပြီး တင်ပို့မှုပမာဏသည် တန်ချိန် ၁ ဒသမ ၂၇ သန်းတန်မှ ၂ ဒသမ ၂၄ သန်းတန်အထိ တစ်နှစ်ထက်တစ်နှစ် ၇၇ ဒသမ ၀၇ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

နိုင်ငံတကာ ဈေးကွက်ရှိ စားအုန်းဆီအကြမ်း (CPO) ဈေးနှုန်းမှာ ဇန်နဝါရီလတွင် တစ်မက်ထရစ်တန်လျှင် ပျမ်းမျှ ၉၉၇ ဒသမ ၈၂ ဒေါ်လာနှုန်းဖြင့် တစ်လထက်တစ်လ ၁ ဒသမ ၈၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်းနှင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက CPO ဈေးနှုန်းမှာ ၆ ဒသမ ၇၇ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း သိရသည်။ ဇန်နဝါရီလတွင် အီရန်သို့ တင်ပို့သည့် ဟင်းသီးဟင်းရွက်ဆီနှင့် တိရစ္ဆာန်အဆီတင်ပို့မှု စုစုပေါင်းမှာ ဒေါ်လာ ၂ ဒသမ၁ သန်းတန်ခန့် ရှိခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ကုန်ပစ္စည်းကုန်သွယ်မှု ပိုငွေမှာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ၂ဒသမ၅၁ ဘီလီယံရှိခဲ့ရာမှ ယခုနှစ် အစောပိုင်းတွင် ၉၅၀ သန်းအထိ ကျဆင်းသွားခဲ့ကြောင်းနှင့် ၎င်းသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ၏ ကုန်သွယ်မှုပိုငွေ ၃ ဒသမ ၄၉ ဘီလီယံနှင့် နှိုင်းယှဉ်ပါက သိသိသာသာ လျော့ကျသွားခြင်းဖြစ်ပြီး အရှေ့တောင်အာရှ၏ အကြီးဆုံးစီးပွားရေးနိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၀ ပြည့်နှစ် မေလမှစတင်၍ ဆက်တိုက် ကုန်သွယ်မှုပိုငွေပြနေသည့် အခြေအနေကိုမူ ဆက်လက် ထိန်းထားနိုင်ခဲ့ကြောင်း သိရသည်။

**Source: Jarkata Globe၊ ညီမင်းထက် DOCA (ရန်ကုန်)**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သဇင်ရိုလမ်း၊ မော်တော်ယာဉ်(စွယ်တော်)ဝင်းရှိ ဌာနခွဲရုံး(အလျား-၁၈'၊ အနံ-၃၀'၊ အမြင့်-၂၀') (အမိုး-သွပ်၊ အကာ-အုတ်၊ အခင်း-ကွန်)၊ လုံခြုံရေးဂိတ်(အလျား-၁၀'၊ အနံ-၁၅'၊ အမြင့်-၁၂') (အမိုး-သွပ်၊ အကာ-အုတ်/အခင်း-ကွန်)၊ ရှင်းလင်းဆောင်(အလျား-၂၂'၊ အနံ-၂၀'၊ အမြင့်-၁၃')နှင့် ဝန်ထမ်းနားနေဆောင် (အလျား-၃၅'၊ အနံ-၃၁'၊ အမြင့်-၁၈') (အမိုး-သွပ်၊ အကာ-အုတ်၊ အခင်း-ကွန်)၊ စုစုပေါင်း အဆောက်အအုံ ၄ လုံး (မြေမပါ)အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသည်။

၂။ အဆိုပါအဆောက်အအုံ ၄ လုံးအား ၉-၄-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ အဆိုပြု လျှောက်လွှာဝယ်ယူရမည် ဖြစ်ပါသည်။ အဆိုပြုလွှာနှင့်အတူ မိမိဌာနမှငွေစာရင်း Account ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ်များတွင် Deposit ပေးသွင်းထားသော P.O Cheque ပူးတွဲတင်ပြရပါမည်။ ရုံးအမှတ်(၃)၊ နေပြည်တော်၌ အိတ်ဖွင့်တင်ဒါယှဉ်ပြိုင်ရမည်ဖြစ်ပြီး တင်ဒါယှဉ်ပြိုင်ရမည့်နေ့ကို ထပ်မံအကြောင်းကြားပါမည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြု လျှောက်လွှာ ဝယ်ယူနိုင်ပြီး ၎င်းရက်ထက် ကျော်လွန်ပါက လျှောက်လွှာများကို ရောင်းချမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၂၅၀၄၃၂ နှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရန်ကုန်မြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူး**
**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့**
**စားသုံးသူရေးရာဦးစီးဌာန**

# ၁၁ လတာ ကာလအတွင်း ပြည်ပသို့ ပျားရည် တန်ချိန် ၉၈၆ ဒသမ ၂၃ မက်ထရစ်တန် တင်ပို့နိုင်ခဲ့

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၏ ဧပြီလမှ ဖေဖော်ဝါရီလကုန်အထိ ၁၁ လတာကာလအတွင်း ပြည်ပသို့ ပျားရည် မက်ထရစ်တန်ချိန် ၉၈၆ ဒသမ ၂၃ ကျော်ခန့် တင်ပို့နိုင်ခဲ့ပြီး အဆိုပါတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇၉ သန်း ရရှိခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပျားမွေးမြူရေးဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ပျားရည်တန်ချိန် ၇၀၀၀ ထွက်ရှိပြီး ပြည်ပတင်ပို့မှုအနေဖြင့် နှစ်စဉ် ပျမ်းမျှတန်ချိန် ၂၆၀၀ ရှိကြောင်း သိရသည်။

ပြည်တွင်း၌ နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရော်ဘာပျားရည်၊ လိုက်ချီးပျားရည်နှင့် ပန်းပေါင်းစုံ ပျားရည်များကို ထုတ်လုပ်နေခြင်းဖြစ်သည်။

ပြည်ပသို့ တင်ပို့ရာတွင် နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရော်ဘာပျားရည် ငါးမျိုးကို တင်ပို့ခြင်းဖြစ်ကြောင်း သိရပြီး ပျားရည်ကို ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ တရုတ်နှင့် ဆော်ဒီအာရေဗျနိုင်ငံများသို့ ပုံမှန်တင်ပို့နေပြီး ဂျပန်နိုင်ငံကို အများဆုံးတင်ပို့ရကြောင်း သိရသည်။


# မတ်ပဲနှင့် ပဲစင်းငုံ လွတ်လပ်စွာ တင်ပို့ခွင့် တစ်နှစ်သက်တမ်းတိုးမြှင့်

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ အစိုးရတို့အကြား ညှိနှိုင်းဆောင်ရွက်ခဲ့မှုအရ အိန္ဒိယအစိုးရသည် မတ်ပဲနှင့် ပဲစင်းငုံတို့ကို လွတ်လပ်စွာ တင်သွင်းခွင့်အား ၂၀၂၇ ခုနှစ် မတ် ၃၁ ရက်နေ့အထိ သက်တမ်းတိုးမြှင့်လိုက်ကြောင်း အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်တွင် အမိန့်ကြေညာစာများ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ယင်းသို့ တိုးမြှင့်လိုက်သည့် အိန္ဒိယ၏ ပဲတင်သွင်းခွင့်မူဝါဒသည် မြန်မာနိုင်ငံမှ ပဲမျိုးစုံ စိုက်ပျိုးသူများအတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း အိန္ဒိယသံရုံးမှ ထုတ်ပြန်ထားသည်။

အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနှင့် နားလည်မှုစာချွန်လွှာရေးထိုးထားမှုအရ ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ နှစ်စဉ် မတ်ပဲ တန်ချိန် နှစ်သိန်းခွဲနှင့် ပဲစင်းငုံတန်ချိန် တစ်သိန်း ဝယ်ယူတင်သွင်းခဲ့ကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ကုန်သွယ်မှုအနေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း သိရသည်။



# ပြည်ပနိုင်ငံများသို့ ရော်ဘာတန်ချိန် ၂၈၀၀၀၀ ခန့် တင်ပို့ထား

မြန်မာ့ရော်ဘာများကို ပြည်ပတင်ပို့ရာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တန်ချိန် ၂၈၀၀၀၀ခန့် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၄၀၀ခန့် ဝင်ငွေရရှိ ခဲ့ကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။ ယင်းသို့ တင်ပို့ထားသော ရော်ဘာများအနက် ၇၅ ရာခိုင်နှုန်းခန့်ကို တရုတ်နိုင်ငံသို့ တင်ပို့နေခြင်းဖြစ်ပြီး ကျန်ရှိသော ပမာဏများကို မလေးရှား၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် တောင်ကိုရီးယားနိုင်ငံများသို့လည်း တင်ပို့ခဲ့ကြောင်း သိရသည်။

လက်ရှိဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံများသို့ ရော်ဘာတန်ချိန် စုစုပေါင်း ၃ သိန်းကျော် တင်ပို့နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် ရော်ဘာစိုက်ပျိုးဧကပေါင်း ၁ ဒသမ ၆ သန်းကျော် ရှိပြီး မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးထွက်ရှိကြောင်း သိရသည်။

# ယခုလအတွင်း ရန်ကုန်အထိုင် လက်ကားမြေသြဇာရည်ညွှန်းဈေးနှုန်းများ အသိပေးထုတ်ပြန်

ယူရီးယား မြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်မှုဖြင့် တောင်သူများ အဓိကသုံးစွဲနေသည့် မြေသြဇာများကို ရန်ကုန်အထိုင် လက်ကားဈေးနှုန်းအဖြစ် ဧပြီ ၁ ရက်မှ ၃၀ ရက်အထိ ရောင်းချရမည့် ဈေးနှုန်းများကို အသင်းဝင်းကုမ္ပဏီများသို့ ညွှန်ကြားထားကြောင်း ဧပြီ ၁ ရက်တွင် အသိပေးထုတ်ပြန်ထားသည်။

ယူရီးယားမြေသြဇာ အလုံးကြီး ၅၀ ကီလို တစ်အိတ်လျှင် ကျပ်၉၄၀၀၀၊ DI Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ ဈေးနှုန်းအဖြစ် သတ်မှတ်ထားကြောင်း အသိပေးထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Complex 15 ပတ်လည်မြေသြဇာကိုမူရည်ညွှန်းဈေးနှုန်းသတ်မှတ်ထားခြင်းမရှိကြောင်းနှင့် အဆိုပါ ဈေးနှုန်းများသည် ရန်ကုန်အထိုင် လက်ကားဈေးနှုန်း လက်ငင်းငွေချေစနစ်ဈေးများဖြစ်ကြောင်းလည်း သိရသည်။

ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်များအပေါ်တွင် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ကြောင်းနှင့် ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချခြင်းမရှိပါက ယူရီးယား မြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီနှင့် မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းမရှင်များ အသင်းသို့ ဆက်သွယ်အသိပေးနိုင်ကြောင်း သိရသည်။



ကိုတိုး-စုစည်းသည်

# ပြည်ပရင်းနှီးမြှုပ်နှံမှုများတွင် ကန်ဒေါ်လာအပြင် တရုတ်ယွမ်ငွေဖြင့်ပါ လက်ခံမည်

ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် အမေရိကန်ဒေါ်လာအပြင် တရုတ်ယွမ်ငွေဖြင့်ပါ လက်ခံသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်ထားသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုလွယ်ကူချောမွေ့စေရန်နှင့် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရုံးသို့ အဆိုပြုချက်နှင့် အတည်ပြုလျှောက်ထားလွှာများ တင်ပြလျှောက်ထားရာတွင် ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားမတည်ငွေရင်းကို အမေရိကန်ဒေါ်လာအပြင် တရုတ်ငွေကြေးယွမ်နှင့်ပါ လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားမတည်ငွေရင်းကို အမေရိကန်ဒေါ်လာဖြင့် ယူဆောင်လာပါက အမေရိကန်ဒေါ်လာဖြင့်လည်းကောင်း၊ တရုတ်ယွမ်ငွေဖြင့် ယူဆောင်လာပါက တရုတ်ငွေကြေးယွမ် ဖြင့်လည်းကောင်း နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း (AD) လိုင်စင်ရဘဏ်များမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုအတွက် လွှဲပြောင်းပေးချေမှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်ထားကြောင်း သိရသည်။

# “ရန်ကုန်ချောင်းဒေသက မြေပဲထွက်သလို ဆီအိုးကြီး ဒေသလို့လည်း ပြောလို့ရပါတယ်”

## MMT မြေပဲဆီလုပ်ငန်း တည်ထောင်သူ ဒေါ်မော်သီတာနှင့် တွေ့ဆုံမေးမြန်းခြင်း

**ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းသည် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်ပြီး အသေးစား၊ အလတ်စားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ နိုင်ငံတော်မှ အဓိကပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ ပြည်တွင်းဈေးကွက်ထဲတွင် ရန်ကုန်ချောင်း ဒေသ ထွက် မြေပဲဆီသန့်များအား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် အသေးစား၊ အလတ်စားလုပ်ငန်း MMT မြေပဲဆီ လုပ်ငန်းတည်ထောင်သူ ဒေါ်မော်သီတာနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**ရန်ကုန်ချောင်းဒေသထွက် မြေပဲဆီလုပ်ငန်း စတင်လုပ်ကိုင်ဖြစ်တဲ့ အကြောင်းလေး ပြောပြပေးပါဦး။**

ကျွန်မတို့က မိရိုးဖလာ ဆီစက်ဖြစ်တာက တစ်ကြောင်း၊ ကိုယ့်ရဲ့ မိသားစုဝင်တွေက ဒီဆီစက်မှာ ဆီအကောင်းဆုံး၊ အသန့်ဆုံးတွေပဲ ထုတ်လုပ်ပေးတဲ့အတွက်တစ်ကြောင်း ဆီအိုးကြီးဒေသဖြစ်တဲ့ ရန်ကုန်ချောင်းက မြေပဲအထွက်အများဆုံး ဒေသဖြစ်တဲ့အတွက် အားသာချက်တွေ အများကြီးရှိပါတယ်။ နောက်ပြီး မြေပဲဆီနဲ့ပတ်သက်ပြီး ဈေးနှုန်းကိုလည်း အချိုသာဆုံးဖြစ်အောင် လုပ်ဆောင်ပေးထားပါတယ်။ဆီနဲ့ပတ်သက်ပြီး လူအများစုအတွက် လမ်းညွှန်ပေးထားတာတွေ ရှိပါတယ်။ အများပြည်သူအနေနဲ့ မြေပဲဆီ စားသုံးတဲ့အတွက် ဆိုးကျိုးတွေ လုံးဝမရှိပါဘူး။ မြေပဲဆီ စစ်စစ်က တဖြည်းဖြည်းနဲ့ မြန်မာပြည်ရဲ့ ရိုးရာထုတ်ကုန် ဖြစ်လာတော့မှာပါ။




**ရန်ကုန်ချောင်းဒေသက မြေပဲထွက်ရှိတာဆိုတော့ ကုန်ကြမ်းရရှိမှု အခြေအနေ ဘယ်လိုရှိပါသလဲ။**

ကျွန်မတို့က မြေပဲစိုက်တောင်သူတွေကို ရောင်းချတဲ့ ပုံစံက အရင်တုန်းက လက်ကားပဲ ရောင်းချတာပါ။ အခုလောလောဆယ် MMT နာမည်နဲ့ ထုံးဖောက်ရောင်းချတာက မြေပဲစိုက်တောင်သူတွေကို အဓိက ပံ့ပိုးပေးချင်လို့ရောင်းချတာဖြစ်ပါတယ်။ ဒီရန်ကုန်ချောင်းဒေသက မြေပဲထွက်တဲ့ ဒေသအမှန်အကန်ဖြစ်ပါတယ်။ ရန်ကုန်ချောင်းဒေသက မြေပဲထွက်သလို ဆီအိုးကြီးဒေသလို့လည်း ပြောလို့ရပါတယ်။ ကျွန်မတို့ရဲ့ ဘိုးစဉ်ဘောင်ဆက်ကလည်း ယာပိုင်မြေပိုင်နဲ့ မိရိုးဖလာ လုပ်လာကြတာပါ။ တောင်သူတွေအနေနဲ့ကတော့ ကုန်သည်တွေနဲ့ ခေတ်အခြေအနေကြောင့်ပဲ ဒေသအစုံက မြေပဲတွေ အကုန်ထွက်နေတယ်ဆိုလို့ရှိရင် ဝယ်လိုအားများပြီးတော့ ဈေးကျပါတယ်။နောက်တော့ မြေပဲထွက်အားက မြေပဲစိုက်ချိန် တုံးသွားတဲ့အခါမှာ တဖြည်းဖြည်းနဲ့ ကုန်ကြမ်းတွေ လျော့ကျသွားတဲ့အတွက် ဈေးတွေက တဖြည်းဖြည်းနဲ့ အတက်အကျလေးရှိတာပေါ့။ တောင်သူတွေအနေနဲ့ကတော့ မြေပဲထွက်အားကောင်းတဲ့အချိန်ရယ် ဈေးကောင်းရတဲ့အချိန်ရယ် အပေါ်မှာ ပိုပြီးတော့ အကျိုးကျေးဇူးရှိပါတယ်။

**မြေပဲဆီဈေးကွက် ထိုးဖောက်မှု အခြေအနေ ဘယ်လိုရှိပါသလဲ။**

မြေပဲဆီကို အွန်လိုင်းလူမှုကွန်ရက်ကနေလည်း သိကြတာများလာသလို ဝယ်ယူသူ Customer အသစ်တွေလည်း တိုးလာလျက်ရှိပါတယ်။ အိမ်အရောက်ပို့စနစ်နဲ့ ရောင်းချပေးပြီးတော့ ငါးပိဿာနဲ့အထက်ဆိုရင်တော့ ပို့ဆောင်ခ အခမဲ့နဲ့ စီစဉ်ပေးလျက်ရှိပါတယ်။ မြေပဲဆီထွက်ရှိမှု အနေနဲ့ကတော့ တစ်လကို ပိဿာချိန် နှစ်ထောင်၊ သုံးထောင်လောက် ထွက်ရှိပါတယ်။ဒီလိုမျိုး ထွက်ရှိမှုကလည်း လျှပ်စစ်မီးအခြေအနေအပေါ် မူတည်ပြီးတော့ ထွက်ရှိပါတယ်။ မြေပဲဆီကို ကိုယ်စားလှယ်လည်း ပေးပါတယ်။ ၁၀ ပိဿာ၊ ငါးပိဿာ၊ သုံးပိဿာ၊ တစ်ပိဿာ ဘူးတွေနဲ့လည်း ရရှိပါတယ်။ နောက်ပြီး မြေပဲဆီအပြင် နှမ်းဆီကိုလည်း ထုတ်လုပ်ရောင်းချပေးလျက်ရှိပါတယ်။ ဈေးကွက်ပိုင်း အခက်အခဲမှာကတော့ ဝန်ထမ်းအခက်အခဲရှိတယ်။ ဆိုင်တွေမှာကျတော့ ရက်မှန်ကုန်တန်ဖိုးတွေမပေးသွင်းနိုင်တာတွေရှိတယ်။ ကျွန်မအနေနဲ့ကတော့ ဈေးကွက်က အားလုံးနဲ့ အဆင်ပြေ အောင်အတတ်နိုင်ဆုံး ဆောင်ရွက်တယ်။ လူကြည့်ပြီးတော့လည်း ကုန်ပစ္စည်းတွေ ချပေးတာတွေရှိတယ်။ နောက်ပြီး ကုန်စည်သယ်ပို့တဲ့နေရာမှာ ကျွန်မတို့ ကိုယ်တိုင် သယ်ယူနိုင်တဲ့ ကိုယ်ပိုင်ကားတွေ မရှိတဲ့အတွက် ကုန်သွယ်ရေးမှာ နည်းနည်းလေး အခက်အခဲရှိပါတယ်။ Customer တွေရဲ့ Pre-order ရတာနဲ့ ဒီဘက်က ပို့လိုက်တာ မကိုက်တဲ့အခြေအနေလေးတွေရှိပါတယ်။ အဲဒါကြောင့်မို့ ဘုရင့်နောင်ပွဲရုံမှာ ကုန်စည်တွေကို instock အပြည့်ထားရှိထားပါတယ်။

**ရန်ကုန်ချောင်းဒေသမှာ ထွက်တဲ့ မြေပဲဆီစက်တွေ ဘယ်လိုပုံစံမျိုးနဲ့ ဆောင်ရွက်နေလဲဆိုတာ ပြောပြပေးပါဦး။**

ရန်ကုန်ချောင်းမှာ စက်မှုဇုန်တွေရှိပါတယ်။ အဲဒီစက်မှုဇုန်

### တိုပွ

တွေမှာ ဆီစက်တွေ အကုန်လုံး လုပ်ကိုင်နေတာဖြစ်တယ်။ ဒီ မြေပဲဆီ ထုတ်လုပ်တာက ရန်ကုန်ချောင်းဒေသရဲ့ အဓိက စီးပွားရေးလို့လည်း ပြောလို့ရပါတယ်။ စက်မှုဇုန်တွေကနေ နေကြာကြိတ်တာ၊ နှမ်းကြိတ်တာ၊ မြေပဲကြိတ်တာတွေ ရှိပါတယ်။ ကျွန်မတို့အနေနဲ့ ဆီစက်လုပ်ငန်းမှာပဲ နှစ်မြုပ်ပြီးတော့ နိုင်ငံကို အထောက်အပံ့ဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**ရန်ကုန်ချောင်းဒေသမှာ ဆီစက်တွေနဲ့ပတ်သက်ပြီး အဆင့်မြင့်တင်ဆောင်ရွက်နေတာမျိုးရော ရှိပါသလား။**

ကျွန်မတို့ ဒေသမှာ ဆီစက်တွေကိုအဆင့်မြှင့်တာတွေကတော့ တချို့လည်း ဆောင်ရွက်နေပြီဖြစ်ပါတယ်။ တချို့ကလည်း စိတ်ကူးပဲရှိသေးတယ်။ ဘာလို့လဲဆိုတော့ နည်းပညာတွေကို လေ့လာနေရတာတွေရှိပါတယ်။ နည်းပညာနဲ့ ပတ်သက်ပြီး အသင်း၊ အဖွဲ့တွေက နည်းပညာနဲ့ ပတ်သက်ပြီး ဟောပြောပို့ချတာတွေရှိတာကိုသွားပြီး လေ့လာတယ်။ နယ်တွေမှာက လုပ်ငန်းရှင်တွေက လက်တွေ့ကိုပဲ ဦးစားပေးတာလေ။ လျှပ်စစ်မီး လိုအပ်ချက်ကြောင့် ဆိုလာလိုချင်တယ်ဆိုရင် ဆိုလာစနစ်ချပေးမှ ဆိုတော့ တချို့လုပ်ငန်းရှင်တွေက လေ့လာသင်ယူတုန်းရှိပါသေးတယ်။ ချေးငွေနဲ့ပတ်သက်ပြီးတော့ အသေးစား၊ အလတ်စား လုပ်ငန်းရှင်တွေကို နိုင်ငံတော်အနေနဲ့လည်း အတတ်နိုင်ဆုံး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

**အသေးစား၊ အလတ်စား MSME ပြပွဲတွေမှာ ပါဝင်ပြသခြင်းက ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်ပါသလဲ။**

ကျွန်မအနေနဲ့လည်း မြေပဲဆီနဲ့ ပတ်သက်ပြီး အပြင်မှာ ရောင်းချတဲ့ဈေးနှုန်းထက် ပိုပြီး ဈေးသက်သာအောင် ရောင်းချပေးတဲ့အတွက် အသေးစား၊ အလတ်စား(MSME) ဈေးပွဲတော်တွေမှာ အများပြည်သူကို မြေပဲဆီစစ်စစ်လေး စားသုံးစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ရောင်းချပေးတာ ဖြစ်ပါတယ်။ ဒီလိုမျိုးပြပွဲတွေမှာ ပါဝင်ပြသရောင်းချခြင်းအားဖြင့် ကျွန်မတို့လို ဒေသထွက် ထုတ်ကုန်တွေကို ရောင်းချတဲ့ ကုန်သည်တွေအတွက်က စီးပွားရေးမိတ်ဖက်ပါတနာတွေပိုမိုရရှိပြီးတော့ ဈေးကွက်ပိုမိုကျယ်ပြန့်လာတယ်။ ကျွန်မတို့အနေနဲ့က တောင်သူတွေအတွက်လည်း အကျိုးရှိအောင် ဆောင်ရွက်တာဖြစ်တဲ့အတွက် ဈေးကွက်ပိုမိုရရှိလေ တောင်သူတွေအတွက် အကျိုးရှိလေပဲဖြစ်ပါတယ်။

**ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

ကျွန်မက အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်ဆိုတော့ ဈေးပွဲတော်မှာ ရောင်းချရင် သိမ်ငယ်သလိုဖြစ်တယ်။ ဒါပေမဲ့ အဘက်ဘက်ကနေ ပံ့ပိုးပေးတာတွေရှိတော့ လမ်းကြောင်းပေါ်ကို တစ်ဖြည်းဖြည်းနဲ့ ရောက်သွားတာပေါ့။အမျိုးသမီးတိုင်း အသင်းဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်စေချင်ပါတယ်။ ဒါမှ အတွေ့အကြုံတွေရပြီး အဆင်ပြေလာမှာပါ။ နောက်မြေပဲဆီ စားသုံးတဲ့သူတွေအနေနဲ့ ဘယ်တံဆိပ်ကိုပဲ စားသုံးပါစေ ကျွန်မတို့ ရန်ကုန်ချောင်းဒေသကထွက်ရှိတဲ့ မြေပဲဆီဆိုရင် အရောအနှော ကင်းတယ်။ ဆိုးဆေးမပါဘူး။ လတ်လတ်ဆတ်ဆတ်ဖြစ်ပြီး ဈေးနှုန်းကလည်း ချိုသာတဲ့အတွက် ယုံကြည်စိတ်ချစွာနဲ့ အားပေးဖို့ တိုက်တွန်းချင်ပါတယ်။



# မြန်မာ့လက်ဖက်ထွက်ကုန် တိုးတက်ဖို့ နည်းစနစ်မြှင့်တင်စို့

တင်ဌေး (တောင်ကြီး)



## v ufzufo bm0

မြန်မာ့လက်ဖက်ထုတ်ကုန်များသည် လက်ဖက်ရွက်စိမ်းမှ တစ်ဆင့် ထုတ်လုပ်ပုံ နည်းလမ်းများအရ လက်ဖက်စို၊ လက်ဖက်အခါးခြောက် ၊လက်ဖက်အချိုခြောက်၊ လက်ဖက်ချဉ်ဟူ၍ လက်ဖက်ထုတ်ကုန်များကွဲပြားနေသည်။ လက်ဖက်သည်သဘာဝသစ်ရွက်မှထုတ်လုပ်ခြင်းဖြစ်သည့်အတွက် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ အများအပြားပါဝင်ပြီး ကျန်းမာရေးအတွက် ကောင်းမွန်စေသည်။ကိုယ်ခန္ဓာ အပူ အအေးကို ထိန်းညှိပေးခြင်း၊ ကိုယ်အလေးချိန် လျော့ကျစေခြင်း၊ ဆီးချိုနှင့် အယ်ဇိုင်းမားရောဂါများကို လျော့ကျစေခြင်းတို့ကြောင့် နှလုံးနှင့် စိတ်ကျန်းမာရေးအတွက် အထူးကောင်းမွန်စေသည်။

## jrefmlv ufzuf

မြန်မာ့လက်ဖက်သည် ရှမ်းပြည်နယ်၏ သဘာဝထုတ်ကုန်တစ်မျိုးဖြစ်ပြီး မြန်မာနိုင်ငံ လက်ဖက်အထွက်၏ ၈၀ ရာခိုင်နှုန်းခန့်ထွက်ရှိသည်ဟုသိရသည်။ စိုက်ပျိုးရေးဦးစီးဌာန စာရင်းဇယားများအရ ရှမ်းပြည်နယ်၏ လက်ဖက်အထွက်မှာ တစ်နှစ်လျှင် တန်ချိန် ၉၀၀၀၀ ခန့် ရှိသည်ဟု သိရသည်။ ရှမ်း(တောင်)တွင် လက်ဖက်စိုက်ဧက ငါးသောင်းရှစ်ထောင်ရှိသည်။ လက်ဖက်ကို ရှမ်းပြည်နယ်တွင် ကျောက်မဲ၊ နမ့်စန် ၊ပင်လောင်း၊ ပင်းတယ၊ မိုင်းကိုင်၊ မိုင်းရှူးဒေသများတွင် အများအပြားစိုက်ပျိုးထွက်ရှိသည်။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်တို့တွင်လည်း အနည်းငယ် ထွက်ရှိသည်။ ထို့ကြောင့် လက်ဖက်ထုတ်ကုန်များသည် စားသုံးသူများအပေါ် လွှမ်းမိုးမှု ကြီးမားလာပါသည်။

## v ufzupkd

လက်ဖက်အစိုကို မြန်မာ့လူမှုရေးနယ်ပယ်တွင် အိမ်တိုင်းတွင် ဧည့်ခံရန် အသင့်ဆောင်ထားလေ့ရှိသည်။ လက်ဖက်အစိုကို ပဲခြမ်း၊ မြေပဲ၊ နှမ်းတို့နှင့်လည်းကောင်း ဂေါ်ဖီ၊ ခရမ်းချဉ်သီးတို့နှင့် လည်းကောင်း သုပ်၍ ဧည့်ခံလေ့ရှိကြသည်။ ပြည်တွင်းစားသုံးမှုများသော သဘာဝထုတ်ကုန်တစ်မျိုးဖြစ်သည်။ တစ်နိုင်ငံလုံးတွင် လက်ဖက်စိုရောင်းဝယ်မှုလုပ်ငန်း အကြီးအသေးရှိကြသည်။

လက်ဖက် ထုတ်ကုန်သည် သဘာဝသစ်ရွက်မှထုတ်လုပ်သော်လည်း ရိုးရှင်းသည့်မိရိုးဖလာ ထုတ်လုပ်ပုံ နည်းစနစ်များသိုလှောင်ပုံနည်းစနစ်များ အပင်ပြုစုပုံနည်းစနစ်များ၊ ခူးဆွတ်သည့် နည်း စနစ်များကြောင့် လက်ဖက်ထုတ်ကုန်၏ အရည်အသွေး ကွာခြားသည်။ ခူးဆွတ်သည့် ကုန်ကြမ်းလက်ဖက်စိမ်း၏ အရည်အသွေးမှာ ခူးဆွတ်သည့်အချိန်၊ ဆူးဆွတ်သည့်ပုံသဏ္ဍာန်၊ ထုတ်လုပ်ပုံ နည်းစနစ်များသည် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းမှု စံနှုန်းများနှင့် ကိုက်ညီပါသလား၊ သိုလှောင်သိမ်းဆည်းမှုတွင်လည်း လက်ဖက်စိုသည် ပြင်ပအောက်ဆီဂျင်နှင့် ဓာတ်ပြုလျှင် အရောင်ပြောင်းသလို အနံ့အရသာပါ ပြောင်းနိုင်သဖြင့် သိုလှောင်သိမ်းဆည်းမှု ထုပ်ပိုးမှု အထူး အရေးကြီးပေသည်။ ထုတ်လုပ်သူနှင့်ကုန်သည်များ လက်ဖက်စို ထိန်းသိမ်းသိုလှောင်မှု အားနည်းချက်ကြောင့် လက်ဖက်များ အရောင်ပြောင်းလာသဖြင့် ဈေးကွက်တွင် ရောင်းပန်းလှစေရန် မလိုလားအပ်သည့် ဆိုးဆေးများဖြင့် ပြုပြင်ထုတ်လုပ်ရာမှတစ်ဆင့် စားသုံးသူရော ထုတ်လုပ်ရောင်းဝယ်သူပါ နစ်နာရသည့် ဖြစ်ရပ်များစွာ ကြုံတွေ့ခဲ့ရသည်။

ထို့ကြောင့်ပင်လျှင် လက်ဖက်စိုသည် ပြည်တွင်းသုံးစွဲမှု များပြားပြီး ပြည်ပသို့ တင်ပို့မှုနည်းခဲ့သည်။ ပြည်ပသုံးစွဲမှုနှင့် ထုပ်ပိုးမှု အရည်အသွေးထိန်းချုပ်မှုအရ တန်ချိန်ဆယ်ဂဏန်းသာ တင်ပို့နိုင်ခဲ့သည်။

## v ufzufajcmuf(c;)

လက်ဖက်ခါးခြောက်တွင် ထုတ်လုပ်မှုနည်းစဉ်အရ Green Tea ခြောက် လက်ဖက်ခြောက် (ခါး)၊ ရွှေဖီဦး လက်ဖက်ခြောက်(ကြမ်း) နှင့် လက်ဖက်ခြောက်(ရွေးကျ)ခေါ် အညွှန့်ကျိုးဟူ၍ ရှိပေသည်။ သကြိန်မိုးမကျမီ ခူးဆွတ်သော လက်ဖက်ရွက်စိမ်း (အညွှန့်)နှင့် (နှစ်ရွက်)သည် အရည်အသွေး အကောင်းဆုံးဖြစ်သည်။ လက်ဖက်ပင်သည် နှစ်ရှည်ပင်ဖြစ်၍ အထွက်နှုန်းတိုးရန်မှာ စိုက်နည်းစနစ်ခေတ်မီကျနခြင်း၊ အပင်ပြုစုထိန်းသိမ်းပုံခေတ်မီ ပြည့်စုံခြင်း၊ ခူးဆွတ်ပုံစနစ်ကျနခြင်း၊ မြေယာရွေးချယ်ခြင်း၊ ထိန်းသိမ်းခြင်း ပြည့်စုံမှသာ ရေရှည်တည်တံ့ထွန်းကားနိုင်မည်ဖြစ်သည်။

အထွက်နှုန်း တိုးရန်အတွက် ခေတ်မီကွန်ဒိုစိုက်ကွက်တည်ထောင်ခြင်း၊ မြေယာထိန်းသိမ်းရန် ဘောင်များ၊ မြောင်းများ တည်ဆောက်ခြင်း၊ လက်ဖက်ပင် အထွက်နှုန်းတိုးစေရန် ကိုင်းဖြာထွက်မှု မြင့်မားစေခြင်း၊ ကိုင်းခြောက်များ၊ အသီးများဖယ်ရှားရှင်းလင်းခြင်း၊ အပင်အတွက် အစာအာဟာရကို စနစ်တကျထည့်သွင်းခြင်းများဖြင့် အထွက်နှုန်းကို ထိန်းသိမ်းရပါမည်။ ထို့အတူ လက်ဖက် ထုတ်လုပ်ရာတွင် အရည်အသွေး မြင့်မားစေရန် ခူးဆွတ်ချိန်(ဥပမာ- မျိုးများသော အချိန် နှင်းကျသော အချိန်ရှောင်၍ သာယာသောအချိန်တွင် ခူးဆွတ်သင့်သည်။ပေါင်း သည့်အိုးများ၊ ကြိတ်ချေသည့် စက်များ သန့်ရှင်းရန်လိုသည်။ သို့မှ သာ မှိုတက်ခြင်း၊ အရောင်ပြောင်းခြင်း၊ အစားအစာဘေးအန္တရာယ် ကင်းရှင်းမည်ဖြစ်သည်။

## v ufzuft csajcmuf

လက်ဖက်ရွက်စိမ်းများကို ၄ လက်မ မှ၆လက်မ အထူ ညီညာစွာဖြန့်ခင်း၍ တစ်ရက်ခန့် ညှိုးနွမ်းစေရပါမည်။ ထို့နောက် လက်ဖက်ရွက်ကို ဖြတ်စက်နှင့်ဖြတ်၍ ဆန်ခါချခါ နှစ်လက်မခန့်အထူ ဖြန့်ခင်း၍ သုံးနာရီခန့် အချဉ်ဖောက်ပေးရပါသည်။ ထိုအချဉ်ဖောက်၍ အဝါနုရောင် သန်းလာလျှင် မီးအေးအေးဖြင့်လျှော်၍သော် လည်းကောင်း၊ ရေနွေးနွေးဖြင့် အခြောက်ခံလှော်ပေးရသည်။ မီးမကျွမ်းစေရန် အထက်မှမွှေ၍ ရလာသော လက်ဖက်အချိုခြောက်ကို ဆန်ခါချ၍ အဆင့်ခွဲကာ ရောင်းချကြသည်။

## v ufzuf:0f

လက်ဖက်အစိုများရရှိချိန်တွင် အရည်အသွေးကောင်း လက်ဖက်စိုများ ရွေးချယ်၍ ကျန်လက်ဖက်အကြမ်းရွက်များကို လက်ဖက်ချဉ်ပြုလုပ်ကြသည်။ လက်ဖက်ခြောက်ရွက်ကြမ်းများကို ရေအစိုဓာတ် ပြန်ပေးပြီးလက်ဖက်ချဉ်အဖြစ် ပြုလုပ်ကြသည်။ ယင်းအရွက်ကြမ်းများကိုကြိတ်ဖြတ်၍ လက်ဖက်ချဉ်ပြုလုပ်ရာတွင် ဘေးအန္တရာယ်မရှိသော်လည်းစောင်းလျားသီး၊ ငရုတ်သီးစိမ်းများနှင့်ပြုလုပ်ထားသော လက်ဖက်များသည် အစားအသောက်ဘေးကင်းရန် လုံခြုံမှုနည်းပါးသည်။

အချုပ်အားဖြင့်ဆိုသော် မြန်မာလက်ဖက်သည် ရေရှည်တည်တံ့မည့် သဘာဝထုတ်ကုန် တစ်မျိုးဖြစ်သလို လက်ဖက်ထုတ်ကုန်တိုးတက်စေရန်ခေတ်မီ စိုက်ပျိုးနည်းစနစ်များ ကျင့်သုံးသင့်ကြောင်း၊ နိုင်ငံတကာဈေးကွက်ချဲ့ထွင်နိုင်ရန် အသင်းအဖွဲ့များကို တိုးပွားတည်ထောင်သင့်ကြောင်း၊ ဈေးကွက်ခိုင်မာစေရန် ဈေးကွက်ကို လေ့လာပြီး စံသတ်မှတ်ချက်ပြည့်စုံစေရေး ဆောင်ရွက်သင့်ကြောင်း သက်ဆိုင်ရာ အဖွဲ့အစည်းများမှလည်း လက်ဖက်မှာ စားသုံးကုန်သာမက အလှကုန် ပြုလုပ်ရာတွင် ဖက်စပ်သုံးစွဲ လာပြီဖြစ်ရာ စွန့်ဦးလုပ်ငန်းရှင်များကို ထုတ်ကုန်မိတ်ဆက်ပွဲများ နည်းပညာနှင့်အရင်းအနှီးများ ပံ့ပိုးသင့်ပါကြောင်း မြန်မာ့လက်ဖက်တိုးတက်ရေး ဆွေးနွေး ရေးသားတင်ပြလိုက်ရပါသည်။

## ကျောက်ဆည်ခရိုင်တွင် နနွင်းများ ဖြိုင်ဖြိုင်ရိတ်သိမ်းပြီးစီး

ကျောက်ဆည်ခရိုင်တွင် စပါး၊ ပဲ၊ ပြောင်း၊ နှမ်းသီးနှံများအပြင် စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော နနွင်းသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစ်သားမြို့နယ်၌ စိုက်ဧက ၉၈၅ ဧက အားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သက်ဆိုင်ရာဌာနများ၏ စာရင်းများအရ သိရသည်။

နနွင်းသီးနှံကို မေလနှင့်ဇွန်လများတွင် စတင်စိုက်ပျိုး၍ ဖေဖော်ဝါရီလနှင့် မတ်လများတွင်ထွက်ပေါ်ကြောင်း၊ နနွင်းကိုဘောင်ခတ်ပြီး မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြောင်း နနွင်းတစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ကျပ်သိန်း ၃၀ ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် နနွင်းတက်လှည်း ၁၃-၁၅ စည်းခန့် တင်းအားဖြင့် ၃၂၅-၃၅၀ ထွက်ရှိကြောင်း၊ အများဆုံးစိုက်ပျိုးသော ရွာများမှာ ရွာမုန်းကြီးရွာ၊ တောင်ရိုး၊ ကွဲ့ဆွဲရွာများဖြစ်သည်။ စတင်ထွက်ပေါ်ချိန်တွင် နနွင်းအစို ၂၅ တင်း နွားလှည်းတစ်စည်းလျှင် ဈေးနှုန်းအနေဖြင့် ကျပ် ၄၀၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာမှ မတ်လစတုတ္ထပတ်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းမှာ နနွင်းအစို ၂၅ တင်း နွားလှည်းတစ်စည်းလျှင် ကျပ် ၄၃၀၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ နနွင်းသီးနှံကို တူးဖော်၍ အစိုရောင်းချသလို အချို့ တောင်သူများလည်း ထွက်ပေါ်ချိန်တွင်မရောင်းဘဲ အခြောက်လှန်း၍ မိမိတို့ အသုံးလိုမှ ထုတ်ရောင်းကြကြောင်း၊ အစိုတစ်စည်းကို ရေနွေးဖျော၍ အခြောက်လှန်းပြီး နနွင်းခြောက်ရရှိပါက (၆၀-၆၅)ပိဿာရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့်ကျပ် သိန်း ၂၀ ကျော်မြတ်ကြောင်း၊ မတ်လ စတုတ္ထပတ်တွင် နနွင်း ဈေးနှုန်းများမှာ နနွင်းခြောက်တစ်ပိဿာလျှင်ကျပ် ၈၅၀၀၊ နနွင်းဂေါင်းတစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ နနွင်းမှုန့်တစ်ဘူးလျှင် ကျပ် ၂၀၀၀၊ နနွင်းတစ်ပိဿာကြိတ်ပါက နနွင်းမှုန့်ခြောက်ဘူးရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများက စိုက်ခင်းအရောက် လာရောက်ဝယ်ယူ၍ ကျောက်ဆည်မြို့ရှိ ပွဲရုံများမှတစ်ဆင့် ရန်ကုန်၊ မန္တလေးမြို့များနှင့် အခြားမြို့ကြီးများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း မြို့ပေါ်ရှိ ပွဲရုံများထံမှ သိရသည်။

**MDYDOC၊ စပယ်လှိုင်**

# စက်မှုဒီဇိုင်းများ ဆန်းသစ်တီထွင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ တိုးတက်မှုအပေါ် အကျိုးသက်ရောက်မှု



ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်းမှ ထုတ်ကုန်လုပ်ငန်းရှင်များသည် ထုတ်ကုန်နှင့် ထုပ်ပိုးပစ္စည်းများကို တီထွင်ဖန်တီး၍ သုံးစွဲသူများ ပိုမိုကြိုက်နှစ်သက်ရန်နှင့် ရောင်းအားမြှင့်တင်နိုင်ရန် အလေးပေး ရင်းနှီးမြှုပ်နှံလာကြသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ (MSMEs) သည် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းနှင့် ပြည်ပနိုင်ငံများသို့ ဖြန့်ဖြူးကာ ဈေးကွက်ယှဉ်ပြိုင် ရောင်းချရမည်ဖြစ်ရာ မိမိတို့၏ ကိုယ်ပိုင်စိတ်ကူးကြံဆမှုများဖြင့် ဆန်းသစ်တီထွင်ထုတ်လုပ်မှုများကို ပြိုင်ဘက် စီးပွားရေးလုပ်ငန်းများက လွယ်လင့်တကူ ပုံတူကူးခြင်း၊ တုပခြင်းတို့ကို တားဆီးကာကွယ်ရန် အရေးတကြီး လိုအပ်လာသည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းကို ချဲ့ထွင်ရန်ကြိုးပမ်းနေသည့် MSMEs များ စဉ်ဆက်မပြတ် ရှင်သန်ကြီးထွားစေရန်အတွက် ဒီဇိုင်းမူပိုင်ခွင့်ပိုင်ဆိုင်မှုကို အစွမ်းထက်သည့် စီးပွားရေး ကိရိယာတစ်ခုအဖြစ် မရှိမဖြစ် အသုံးပြုရန် လိုအပ်လာသည်။

ဒီဇိုင်းဟူသည် ဝယ်ယူသုံးစွဲသူများအား ဆွဲဆောင်နိုင်သည့် ထုတ်ကုန်တစ်ခုတွင် တန်ဆာဆင်ထားသော အပြင်မှ မြင်ရသည့် ပုံသဏ္ဍာန်တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့ နေ့စဉ်အသုံးပြုသည့် အိမ်သုံးပစ္စည်းများ၊ ပရိဘောဂပစ္စည်းများမှစ၍ လူ့အသုံးအဆောင်နာရီများ၊ လက်ဝတ်ရတနာ များ၊ အထည်အလိပ်များနှင့် အခြား ဇိမ်ခံပစ္စည်းများတွင် ဒီဇိုင်းပုံစံအမျိုးမျိုးကို မြင်တွေ့နိုင်သည်။ ခေတ်မီဆန်းသစ်လှပသည့် အသွင်သဏ္ဍာန်ရှိသော ထုတ်ကုန်များသည် အခြားသော ထုတ်ကုန်များထက် ဝယ်ယူသုံးစွဲသူများကို ပိုမိုဆွဲဆောင်နိုင်သည်။

လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့် စက်မှုလက်မှုလုပ်ငန်းများ၊ အဝတ်အထည်လုပ်ငန်းများ၊ ဖက်ရှင်လုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများ စသည်တို့တွင် ဒီဇိုင်း၏ကာလာသည် အလွန်အရေးပါသည်။ ထို့အပြင် အပြင်ပန်း ပုံသဏ္ဍာန်အားဖြင့် လှပခန့်ညားသော အနုပညာဒီဇိုင်းများသည် ထုတ်ကုန်တစ်ခုအား ဝယ်ယူရန် ဆုံးဖြတ်ချက်ချပေးရာတွင် ဝယ်ယူသူအား များစွာ တွန်းအားပေးနိုင်သည်။ ထုတ်ကုန်ဒီဇိုင်းအသစ်များသည် စီးပွားရေးလုပ်ငန်းများတွင် ၎င်းတို့၏ ထုတ်ကုန်များကို ပြိုင်ဘက်လုပ်ငန်းများနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေပြီး လုပ်ငန်း၏ ပုံရိပ်ကို ပိုမိုကောင်းမွန်လာစေနိုင်သည်။ သို့ဖြစ်၍ ဒီဇိုင်းများသည် စီးပွားရေးလုပ်ငန်းများအတွက် အဖိုးတန် စီးပွားရေးကိရိယာဖြစ်သောကြောင့် ၎င်းတို့ကို ခိုင်မာထိရောက်စွာ အကာအကွယ်ယူထားရန် အရေးကြီးပေသည်။

ဒီဇိုင်းကိုဖန်တီးရာတွင် မလိုအပ်သော ရှုပ်ထွေးမှုများကို လျှော့ချပြီး အသုံးပြုရလွယ်ကူစေသော ရိုးရှင်းလှပသည့် ဒီဇိုင်းများသည် သုံးစွဲသူများကို စိတ်ကျေနပ်မှု အပြည့်အဝပေးနိုင်သည်။ ထုတ်ကုန်ဒီဇိုင်းတစ်ခုအပေါ် သုံးစွဲသူများက နှစ်သက် လက်ခံခြင်းသည် စီးပွားရေးလုပ်ငန်း၏ အောင်မြင်မှုပုံရိပ်ကို များစွာ သက်ရောက်စေသည်ကို လေ့လာတွေ့ရှိနိုင်သည်။

ဥပမာအားဖြင့် အမေရိကန်နိုင်ငံ Apple ကုမ္ပဏီမှ ဖန်တီးသော Apple AirPods များသည် ခေတ်မီနည်းပညာနှင့် ဒီဇိုင်းဆန်းသစ်မှု ပေါင်းစပ်၍ သေးငယ်ပေါ့ပါးသော ကြိုးမဲ့နားကြပ်ကို ဈေးကွက်အတွင်းသို့ ချပြနိုင်ခဲ့သည့်အတွက် လုပ်ငန်းအောင်မြင်မှုများစွာ ရရှိခဲ့သည်။ ထို့အတူ အမေရိကန်နိုင်ငံ Tesla ကုမ္ပဏီမှထုတ်လုပ်သော လျှပ်စစ်ကားများသည် ခေတ်မီနည်းပညာများ၊ ခေတ်မီဆန်းသစ်သော ဒီဇိုင်းများနှင့် ထူးခြားကောင်းမွန်သည့် စွမ်းဆောင်နိုင်ရည်များကို ပေါင်းစပ် ထုတ်လုပ်ထားသည့်အတွက် သုံးစွဲသူများ နှစ်သက်လက်ခံသည့် ထုတ်ကုန်အသစ်တစ်ခု ဖြစ်လာခဲ့သည်။

ထိုကဲ့သို့ လုပ်ငန်းပုံရိပ် မြင့်မားတိုးတက်စေနိုင်သည့် ကိုယ်ပိုင်ဒီဇိုင်းများကို ဈေးကွက်သို့မချပြမီ မူပိုင်ခွင့်အကာအကွယ် ရယူထားသင့်သည်။ မူပိုင်ခွင့် အကာအကွယ်ရယူထားခြင်းကြောင့် ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်တွင် တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် အသိအမှတ်ပြုခံရမည်ဖြစ်ပြီး ဈေးကွက်အတွင်း လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားမှုကို ပြုလုပ်နိုင်သည့်အပြင် ဈေးကွက် ခိုင်မာမှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ MSMEs လုပ်ငန်းများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်ဖန်တီးထားသော ဒီဇိုင်းများကို မူပိုင်ခွင့်ဖြင့် အကာအကွယ်ရယူထားခြင်းမရှိလျှင် ပြိုင်ဘက်လုပ်ငန်းများ၏ အလွယ်တကူ ပုံတူကူးယူအသုံးပြုခြင်းကို မဟန့်တားနိုင်သဖြင့် စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်လာနိုင်သည်။ ရှေးဦးစွာ မူပိုင်ခွင့်အကာအကွယ်ရယူထားလျှင် မိမိ၏ ခွင့်ပြုချက်မရှိဘဲ အခြားသူများက စီးပွားဖြစ် အသုံးပြုခြင်းကို ဥပဒေကြောင်းအရ ထိရောက်စွာ ဟန့်တားနိုင်မည်ဖြစ်သည်။ ဒီဇိုင်းပိုင်ရှင်အနေဖြင့် မှတ်ပုံတင်ထားသော မိမိ၏ဒီဇိုင်းအား ခွင့်ပြု ချက်မရှိဘဲ ကူးယူခြင်း သို့မဟုတ် တုပခြင်းအန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်တားဆီးနိုင်သည့်အတွက် စီးပွားရေးဈေးကွက်ချဲ့ထွင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုအားထည့်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ ၎င်းအပြင် မူပိုင်ခွင့်ပိုင်ရှင်အနေဖြင့် မိမိ၏ ကိုယ်ပိုင်ဒီဇိုင်းကို အခြားသူများအား အခကြေးငွေဖြင့် အသုံးပြုခွင့်ပေးသဖြင့် လုပ်ငန်း၏ ဝင်ငွေတိုးမြင့်ရရှိလာနိုင်ခြင်းဖြင့် လုပ်ငန်းတိုးတက်မှုကို မြှင့်တင်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

အချုပ်အားဖြင့် ဆန်းသစ်တီထွင်ဖန်တီးထားသော ဒီဇိုင်းများသည် စီးပွားရေးတိုးတက်မှုကို တွန်းအားပေးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ခေတ်မီတိုးတက်သော နည်းပညာများနှင့် စိတ်ကူးကြံစည်မှု အနုပညာဖန်တီးမှုများကို ပေါင်းစပ်ဖန်တီးခြင်းဖြင့် ထုတ်ကုန်ဒီဇိုင်းများသည် အစဉ်အမြဲ ဆန်းသစ်နေမည်ဖြစ်ပြီး အခြားသော ထုတ်ကုန်များနှင့်လည်း ကွဲပြားခြားနားမှုကို ဖြစ်စေသည်။ စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံရာတွင် ထုတ်ကုန်ဒီဇိုင်းများ မြှင့်တင်ဆောင်ရွက်ခြင်းကို ဗျူဟာမြောက်အသုံးပြုနိုင်ပါက အနာဂတ်တွင် အောင်မြင်သော စီးပွားရေးလမ်းကြောင်းပေါ်သို့ တွန်းပို့ပေးနိုင်မည်ဖြစ်ကြောင်းနှင့် ၎င်းလုပ်ငန်းစဉ်များကို မူပိုင်ခွင့်ဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။

**စက်မှုဒီဇိုင်းမူပိုင်ခွင့်ဌာနခွဲ**

---

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက**
**အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၂ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး
ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။
ဖုန်း - ၀၆၇(၃)၄၀၈၅၀၅
အီးမေးလ် - mmcc.office@commerce.gov.mm

---

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရုပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |



# အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မတူညီသော ကုန်သွယ်ရေးမဟာဗျူဟာများ

ဒေါက်တာတင်ထူးနိုင်

၂၀၂၆ ခုနှစ်တွင် အရှေ့တောင်အာရှဒေသသည် ကမ္ဘာ့ကုန်သွယ်ရေး မြေပုံသစ်၏ အရေးပါသောဗဟိုချက် (Epicenter) တစ်ခုအဖြစ် ခိုင်မာစွာရပ်တည်နေသည်။ ပထဝီနိုင်ငံရေး အားပြိုင်မှုများနှင့် ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက် ပြန်လည်ပြင်ဆင်မှုများကြားတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ ကိုယ်ပိုင်အားသာချက်များ၊ ပထဝီဝင် တည်နေရာနှင့် စီးပွားရေး ဖွဲ့စည်းပုံများအပေါ် မူတည်၍ မတူကွဲပြားသော မဟာဗျူဟာများကို အကောင်အထည်ဖော်လျက်ရှိသည်။ ဥပမာအားဖြင့် ဖိလစ်ပိုင်နိုင်ငံ၏ ဝန်ဆောင်မှုအခြေပြု မဟာဗျူဟာ၊ အင်ဒိုနီးရှားနိုင်ငံ၏ သယံဇာတအရင်းအမြစ်အခြေပြုတန်ဖိုးမြှင့် မဟာဗျူဟာနှင့် ဗီယက်နမ်နိုင်ငံ၏ နည်းပညာအခြေပြု ကုန်ထုတ်လုပ်မှု မဟာဗျူဟာတို့သည် မတူညီသောချဉ်းကပ်မှုများ ဖြစ်ကြသော်လည်း ၎င်းတို့သည် ဒေသတွင်း စီးပွားရေးအင်ဂျင်ကို ပေါင်းစည်းမောင်းနှင်ပေးနေသည့် အဓိက အင်အားစုများ ဖြစ်ကြသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ကုန်သွယ်ရေးမဟာဗျူဟာသည် ရုပ်ဝတ္ထုပစ္စည်း ကုန်စည်များထက် လူသားအရင်းအမြစ်ကို အခြေခံသည့် ဝန်ဆောင်မှုကဏ္ဍ (Service-led Strategy) ကို ဗဟိုပြုထားသည်။ နိုင်ငံအတွက် အဓိက နိုင်ငံခြားဝင်ငွေရှာဖွေပေးနေသော ဝန်ဆောင်မှုပို့ကုန်ပုံစံနှစ်မျိုးတွေ့နိုင်ပြီး နိုင်ငံ၏ စီးပွားရေးမဏ္ဍိုင်များလည်းဖြစ်ကြသည်။ ပထမတစ်မျိုးမှာ နိုင်ငံခြားသို့ လုပ်သားပို့ခြင်း (Overseas Filipino Workers - OFW) ဖြစ်သည်။ ယနေ့တွင် ဖိလစ်ပိုင်နိုင်ငံသားသန်းပေါင်းများစွာသည် ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ ကျော်တွင် အင်ဂျင်နီယာများ၊ ဆောက်လုပ်ရေးလုပ်သားများ၊ သင်္ဘောသားများ၊ သူနာပြုများ၊ အိမ်အကူများနှင့် စားဖိုမှူးများ စသည်ဖြင့် လုပ်ကိုင်လျက်ရှိသည်။ ဤကဏ္ဍမှစီးဝင်လာသော ပြန်လွှဲငွေ(Remittances) အမေရိကန်ဒေါ်လာ ၃၆ ဘီလီယံခန့်သည် ပြည်တွင်းသုံးစွဲမှုကို မြှင့်တင်ပေးရုံသာမက အရန်နိုင်ငံခြားသုံးငွေနှင့် ငွေကြေးတည်ငြိမ်မှုကိုပါ ခိုင်မာစေသည်။

ဒုတိယနှင့် ပိုမိုအရေးပါလာသောကဏ္ဍမှာ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ (Business Process Outsourcing - BPO) နှင့် အဆင့်မြင့် အိုင်တီဝန်ဆောင်မှုများ (IT Services)ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့ BPO လောကတွင် ထိပ်တန်းနေရာ၌ ရှိနေပြီး ယခုအခါ ဖောက်သည်ဝန်ဆောင်မှု (Call Center) အဆင့်မှသည် ဆော့ဖ်ဝဲလ်ရေးဆွဲခြင်း၊ အချက်အလက် ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ဆိုက်ဘာလုံခြုံရေး စသည့် အသိပညာအခြေပြုဝန်ဆောင်မှု (Knowledge Process Outsourcing - KPO) အဆင့်သို့ တက်လှမ်းနေပြီဖြစ်သည်။ ဤကဏ္ဍမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၃၈ ဘီလီယံခန့် ရရှိနေပြီး ပြည်တွင်း၌ လူငယ်ထောင်ပေါင်းများစွာအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ်အတွက် ဤဝန်ဆောင်မှုပို့ကုန်နှစ်ခုပေါင်း တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၄ ဘီလီယံခန့်ရှိသဖြင့် ကုန်စည်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၄ ဘီလီယံခန့်နှင့်နှိုင်းယှဉ်ပါက အလွန်အရေးပါကြောင်း တွေ့ရသည်။ ဖိလစ်ပိုင်အစိုးရ၏ ရေရှည် ရည်မှန်းချက်မှာ လုပ်သားများကို ပြည်ပသို့ ပို့ခြင်းထက် ပြည်တွင်း၌ပင် အဆင့်မြင့်နည်းပညာဖြင့် ဝန်ဆောင်မှုပေးသည့် ပုံစံသို့ ပိုမိုတိုးမြှင့်ရန်ဖြစ်သည်။ သို့ရာတွင် AI နည်းပညာ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်နေခြင်း၊ ပြည်ပအလုပ်သမား လက်ခံနိုင်ငံများအပေါ် မှီခိုမှုမြင့်မားခြင်း၊ ကျွမ်းကျင်လုပ်သား ရှားပါးခြင်းနှင့် ဒေသတွင်း ပြိုင်ဆိုင်မှုပြင်းထန်လာခြင်းတို့ကြောင့် အဆိုပါမဟာဗျူဟာ၏ အောင်မြင်မှုမှာ ကာလရှည်အတွက် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကြွယ်ဝလှသော သဘာဝသယံဇာတများကို အသုံးချပုံပြောင်းလဲခြင်းဖြင့် ကုန်သွယ်ရေး မဟာဗျူဟာသစ်ကို ဖော်ဆောင်နေပါသည်။ ယခင်က ကုန်ကြမ်းတင်ပို့သည့် နိုင်ငံအဖြစ်မှ တန်ဖိုးမြှင့် ကုန်ချောထုတ်လုပ်သည့် နိုင်ငံအဖြစ် အသွင်ပြောင်းလဲမည့် ဟီလီရာစီ (Hilirisasi) မူဝါဒသည် အင်ဒိုနီးရှားနိုင်ငံ၏ အောင်မြင်မှုသော့ချက်ဟုဆိုနိုင်သည်။ အထူးသဖြင့် နီကယ်၊ ကြေးနီနှင့် ဘောက်ဆိုက် စသည့် သတ္တုရိုင်းများကို ကုန်ကြမ်းအတိုင်း တင်ပို့ခြင်းကိုတားမြစ်ကာ ပြည်တွင်း၌ သန့်စင်စက်ရုံများ တည်ဆောက်စေခြင်းဖြင့် တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်လျက်ရှိသည်။ ဤလုပ်ဆောင်ချက်သည် ကမ္ဘာ့လျှပ်စစ်ကား(EV) ဘက်ထရီ ထုတ်လုပ်မှုကွင်းဆက်တွင် အင်ဒိုနီးရှားနိုင်ငံကို အချက်အချာကျသောနေရာသို့ ရောက်ရှိစေခဲ့သည်။ ဤမဟာဗျူဟာကြောင့် အင်ဒိုနီးရှားနိုင်ငံသည် ကုန်သွယ်ရေးပိုငွေ သိသိသာသာ ရရှိနေပြီး ကမ္ဘာ့တန်ဖိုးကွင်းဆက် (Value Chain) တွင် အောက်ခြေအဆင့်မှ အထက်သို့ တက်လှမ်းနိုင်ခဲ့သည်။ ထို့အပြင် အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ ကြီးမားသော ပြည်တွင်းဈေးကွက်ကို အသုံးချ၍ သွင်းကုန်အစားထိုးရေးနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှု အားကောင်းစေရန် ဆောင်ရွက်လျက်ရှိသည်။ သို့သော် ရေရှည်တွင် အခြေခံအဆောက်အအုံမလုံလောက်မှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအန္တရာယ်နှင့် ကမ္ဘာ့ EV ဈေးကွက်၏ လျင်မြန်သော နည်းပညာအပြောင်းအလဲတို့သည် ကြီးမားသော စိန်ခေါ်မှုများဖြစ်လာနိုင်ပေသည်။

ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်ရေး မဟာဗျူဟာသည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (FDI) ကို အထိရောက်ဆုံး အသုံးချခြင်းဖြစ်ပါသည်။ ၎င်းသည် China Plus One မဟာဗျူဟာကြောင့် တရုတ်နိုင်ငံမှ ရွှေ့ပြောင်းလာသော ကမ္ဘာ့အဆင့်မြင့် ထုတ်လုပ်မှုကွင်းဆက်များကို ဖမ်းဆုပ်နိုင်ခဲ့သည်။ ယနေ့တွင် အထည်အလိပ်နှင့် ဖိနပ်ထုတ်လုပ်မှုအဆင့်မှသည် အဆင့်မြင့်အီလက်ထရွန်နစ်၊ ဆီမီးကွန်ဒတ်တာနှင့် စမတ်ဖုန်းထုတ်လုပ်တင်ပို့မှု ဗဟိုချက်အဖြစ်သို့ လျင်မြန်စွာ ကူးပြောင်းနိုင်ခဲ့ပြီဖြစ်သည်။

၎င်း၏ အားသာချက်မှာ ကမ္ဘာ့နိုင်ငံကြီးများနှင့် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် (FTA) အများအပြား ချုပ်ဆိုထားခြင်းဖြစ်သည်။ CPTPP နှင့် EVFTA ကဲ့သို့သော သဘောတူညီချက်များမှတစ်ဆင့် ဥရောပနှင့် အမေရိကန်ဈေးကွက်များသို့ အခွန်သက်သာခွင့်များဖြင့် ထိုးဖောက်နိုင်ခဲ့သည်။ သို့သော်လည်း ဗီယက်နမ်နိုင်ငံအတွက် စိန်ခေါ်မှုမှာ FDI ကဏ္ဍအပေါ် လွန်ကဲစွာ မှီခိုနေရခြင်းနှင့် ပြည်တွင်းလုပ်ငန်းရှင်များ၏ ပါဝင်မှု အားနည်းနေသေးခြင်းဖြစ်သည်။ ထို့ကြောင့် ဗီယက်နမ်အစိုးရသည် နည်းပညာ လွှဲပြောင်းရယူရေးနှင့် ကျွမ်းကျင်လုပ်သားအင်အားစုကို မြှင့်တင်ရန် အထူးအာရုံစိုက် ဆောင်ရွက်လျက်ရှိသည်။

နိဂုံးချုပ်အားဖြင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများသည် မိမိတို့၏ အားသာချက်ကိုယ်စီကို အခြေခံသည့် မတူညီသောလမ်းကြောင်းများမှတစ်ဆင့် ဒေသတွင်းစီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဟူသော ဘုံရည်မှန်းချက်ဆီသို့ ဦးတည်ချီတက်နေကြသည်။ ၂၀၂၆ ခုနှစ်နှင့် နောက်ပိုင်းကာလများတွင် အာဆီယံသည်ကမ္ဘာ့စီးပွားရေး၏ အဓိကမောင်းနှင်အား (Engine of Growth) အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်သော်လည်း ကမ္ဘာ့ပထဝီ နိုင်ငံရေး တင်းမာမှုများ၊ လျင်မြန်သော နည်းပညာ အပြောင်းအလဲများနှင့် ရာသီဥတုဖောက်ပြန်မှုများ စသည့် ဘက်ပေါင်းစုံမှ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရမည်ဖြစ်ပါသည်။ သို့ရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ မတူကွဲပြားသော မဟာဗျူဟာများကို ဟန်ချက်ညီညီ ပေါင်းစပ်ပြီး ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ယန္တရားကို အရှိန်အဟုန်မြှင့်တင်နိုင်မည်ဆိုပါက အာဆီယံသည် ကမ္ဘာ့ကုန်သွယ်ရေးကဏ္ဍတွင် ယခုထက်ပိုမို ခိုင်မာသော အခန်းကဏ္ဍမှ ဆက်လက်ရပ်တည်ကာ တည်ငြိမ်၍ သာယာဝပြောသော အနာဂတ်ကို တည်ဆောက်သွားနိုင်မည် ဖြစ်ပေသည်။

> **အာဆီယံအဖွဲ့ဝင် နိုင်ငံများသည် မိမိတို့၏ အားသာချက်ကိုယ်စီကို အခြေခံသည့် မတူညီသောလမ်းကြောင်းများမှတစ်ဆင့် ဒေသတွင်း စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဟူသော ဘုံရည်မှန်းချက်ဆီသို့ ဦးတည်ချီတက်နေကြသည်။**

**ရည်ညွှန်း - ASEAN Outlook January 9 2026, Manila Standard March 12 2026, PSA March 18 2026, VCCI March 9 2026, TEMPO March 27 2026**

# ဆော်ဒီအာရေးဗီးယားသို့ ဆန်တန်ချိန် ၂၂၈၀ ပထမဆုံး တင်ပို့ခဲ့သည့် အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံသည် ဆော်ဒီအာရေးဗီးယားသို့ ဆန်တန်ချိန် ၂၂၈၀ ကို စတင် တင်ပို့လိုက်ပြီဖြစ်ပြီး ဟဂ်ျဘုရားဖူးခရီးစဉ်သို့ သွားရောက်မည့် အင်ဒိုနီးရှား နိုင်ငံသားများအတွက် ပြည်တွင်းထုတ်ဆန်ကို ပထမဆုံးအကြိမ် အသုံးပြုရန် ထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။



စိုက်ပျိုးမွေးမြူရေးဝန်ကြီးနှင့် အမျိုးသားစားနပ်ရိက္ခာအေဂျင်စီ (Bapanas) အကြီးအကဲလည်းဖြစ်သူ Andi Amran Sulaiman က ထိုအောင်မြင်မှုသည် အစိုးရပိုင် ထောက်ပံ့ပို့ဆောင်ရေး ကုမ္ပဏီ Bulog နှင့် တစ်နိုင်ငံလုံးရှိစိုက်ပျိုးရေးသမားများ၏ ပူးပေါင်းကြိုးပမ်းမှုကြောင့်ဖြစ်ကြောင်း မတ်လ ၁၆ ရက်နေ့က ပြောကြားခဲ့သည်။ Bulog ကုမ္ပဏီ၏ ဥက္ကဋ္ဌ Ahmad Rizal Ramdhani ကလည်း ယခုအစီအစဉ်သည် ကုန်သွယ်ရေး အောင်မြင်မှု တစ်ခုသာမက နိုင်ငံအတွက် ဂုဏ်သိက္ခာနှင့် ဂုဏ်ယူစရာအမှတ်အသားတစ်ခုလည်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၎င်း၏ ပြောကြားချက်အရ ဆန်များကို အဆင့်လိုက် အသုတ်အသီးသီးဖြင့် တင်ပို့နေပြီး ပြည်တွင်းစိုက်ပျိုးရေးသမားများထံမှ ဝယ်ယူကာ အရည်အသွေးမြင့် ဆန်စက်များတွင် ပြုပြင်ထုတ်လုပ်ထားကြောင်း သိရသည်။

ထို့ပြင် အရည်အသွေးစံချိန်စံညွှန်းများကို ပြည့်မီစေရန် broken grain အချိုးအစားကို အများဆုံး ၅ ရာခိုင်နှုန်းသာရှိစေရန် ထိန်းသိမ်းထားသည်ဟု သိရသည်။ တင်ပို့သည့် ဆန်များအားလုံးသည် ဓာတ်ခွဲခန်းစမ်းသပ်မှုများကို အောင်မြင်စွာကျော်ဖြတ်ထားပြီး နိုင်ငံတကာ ပို့ကုန်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့်အပြင် ဟာလာအသိအမှတ်ပြုလက်မှတ်လည်း ရရှိထားကြောင်း သိရသည်။

ဟဂ်ျနှင့် Umrah ဝန်ကြီးဌာနကလည်း မက္ကာနှင့် မဒီနာမြို့များရှိ အင်ဒိုနီးရှား ဟဂ်ျဘုရား ဖူးခရီးသည်များအတွက် အစားအသောက် ပြုလုပ်ပေးသည့် မီးဖိုချောင်များတွင်Bulog ဆန်ကိုသာ အသုံးပြုရန် သတ်မှတ် ထားကြောင်း သိရသည်။ ယင်းက အစားအသောက် ထောက်ပံ့မှုအပေါ် ယုံကြည်မှုနှင့် တည်ငြိမ်မှုရှိစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။ အာဏာပိုင်များက ယခုအစီအစဉ်သည် ပြည်တွင်း ဆန်လုံလောက်မှုအပေါ် သက်ရောက်မှုမရှိကြောင်း အတည်ပြုထားပြီး လက်ရှိတွင် နိုင်ငံ၏ဆန်သိုလှောင်ပမာဏမှာ လုံလောက်စွာရှိနေကြောင်း ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် ယခုဆန်တင်ပို့မှုကို အစားအသောက်ဖူလုံရေးမူဝါဒ၏ အဆင့်အသစ်တစ်ခုအဖြစ် သတ်မှတ်ထားပြီး သံတမန်ရေး၊ ကိုယ်ပိုင် ထောက်ပံ့နိုင်မှုနှင့် နိုင်ငံခြားရှိ ပြည်သူများအား ထောက်ပံ့ကူညီရေးတို့ကို ပေါင်းစပ်ထားသည့် အစီအစဉ်တစ်ခုအဖြစ် ရှုမြင်နေကြောင်း သိရသည်။

**Antara News**

**မြသူDOCA (ရန်ကုန်)**



# ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းတင်ပို့မှု မြင့်တက်

ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်း (Agro-forestry-fishery) ထုတ်ကုန် တင်ပို့မှုသည် ၂၀၂၆ ခုနှစ် ပထမနှစ်လအတွင်း အမေရိကန်ဒေါ်လာ ၁၁ဒသမ၃ ဘီလီယံခန့်ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် ၁၇ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

ဖေဖော်ဝါရီတစ်လတည်းတွင် ပို့ကုန်ဝင်ငွေသည် ဒေါ်လာ ၄ ဒသမ ၇၁ ဘီလီယံခန့်ရှိခဲ့ရာ ဇန်နဝါရီလထက် ၂၈ ဒသမ ၄ ရာခိုင်နှုန်း လျော့ကျသွားသော်လည်း ယခင်နှစ် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာကြောင်း စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

အာရှဈေးကွက်သည် ဗီယက်နမ် လယ်ယာထွက်ကုန်များအတွက် အကြီးဆုံး ပို့ကုန်ဈေးကွက်အဖြစ် ဆက်လက်တည်ရှိနေပြီး စုစုပေါင်း ပို့ကုန်တန်ဖိုး၏ ၄၅ဒသမ၅ ရာခိုင်နှုန်းရှိသည်။ အမေရိကတိုက်သည် ၂၁ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင်ရှိပြီး ဥရောပက ၁၅ဒသမ၇ ရာခိုင်နှုန်းဖြင့် နောက်မှ လိုက်နေသည်။ အာဖရိကဒေသများမှာမူ ၂ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၁ ဒသမ ၄ ရာခိုင်နှုန်း အသီးသီးရှိကြသည်။

ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက အာရှသို့ တင်ပို့မှု ၂၇ ဒသမ ၇ ရာခိုင်နှုန်း၊ အမေရိကတိုက်သို့ ၁၀ ဒသမ ၄ ရာခိုင်နှုန်းနှင့် ဥရောပသို့ ၁၂ ရာခိုင်နှုန်း အသီးသီး တိုးတက်လာခဲ့ပြီး အာဖရိကသို့ တင်ပို့မှုမှာ မူ ၁၉ ဒသမ ၆ ရာခိုင်နှုန်း လျော့ကျသွားခဲ့သည်။

နိုင်ငံအလိုက် ကြည့်မည်ဆိုပါက တရုတ်နိုင်ငံသည် ဗီယက်နမ်၏ အကြီးဆုံးသော ဝယ်ယူသူအဖြစ် ဆက်လက်ရှိနေပြီး စုစုပေါင်းပို့ကုန်ဝင်ငွေ၏ ၂၂ဒသမ၉ ရာခိုင်နှုန်းရှိသည်။ အမေရိကန်က ၁၈ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ဒုတိယနှင့် ဂျပန်က ၇ ဒသမ ၂ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင် အသီးသီး ရှိနေကြသည်။

ယခုနှစ်အတွင်း တရုတ်သို့ တင်ပို့မှုသည် ယခင်နှစ်ထက် ၅၅ ဒသမ ၉ ရာခိုင်နှုန်းအထိ သိသိသာသာ မြင့်တက်လာခဲ့ပြီး အမေရိကန်နှင့် ဂျပန်သို့ တင်ပို့မှုမှာလည်း ၉ဒသမ ၂ ရာခိုင်နှုန်းနှင့် ၉ ဒသမ ၈ ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့သည်။ ယခုကဲ့သို့ နှစ်ဆန်းပိုင်းလများတွင် ရရှိခဲ့သော အပြုသဘောဆောင်သည့် ရလဒ်များသည် ဈေးကွက်ပြန်လည်ဦးမော့လာခြင်းကို ပြသနေပြီး ထုတ်လုပ်မှုကို အရှိန်မြှင့်ရန်၊ ဈေးကွက် ချဲ့ထွင်ရန်နှင့် ၂၀၂၆ ခုနှစ်အတွက် ချမှတ်ထားသော ပို့ကုန်ရည်မှန်းချက် ဒေါ်လာ ၇၃ ဘီလီယံမှ ၇၅ ဘီလီယံအထိ ရရှိရန် ကြိုးပမ်းရာတွင် ကောင်းမွန်သော အခြေခံအုတ်မြစ်တစ်ခု ဖြစ်လာလိမ့်မည်ဟု ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**Source : VN Express**

**ကျော်မြင့်ဦး DOCA (ရန်ကုန်)**

# အိန္ဒိယ၏ ပုစွန်တင်ပို့မှုဝင်ငွေ မြင့်တက်လာဖွယ်ရှိ

အိန္ဒိယနိုင်ငံ၏ ပုစွန်တင်ပို့မှုသည် သုံးနှစ်ကြာ ရပ်တန့်နေပြီးနောက် ယခုဘဏ္ဍာနှစ်တွင် ၁၃ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ပြန်လည်တိုးတက်လာကာ ပို့ကုန်ဝင်ငွေ မြင့်တက်လာမည်ဟု မျှော်လင့်ရကြောင်း Crisil Ratings က ပြောကြားခဲ့သည်။ အမေရိကန်၏ မြင့်မားသော အခွန်နှုန်းထားများကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများကို အခြားကမ္ဘာ့ဈေးကွက်များသို့ တိုးချဲ့တင်ပို့ခြင်းဖြင့် ကုစားနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပို့ကုန်ဝင်ငွေ တိုးတက်လာရခြင်းမှာ အဓိကအားဖြင့် ဒေါ်လာနှင့် ယူရိုငွေတို့အပေါ် ရူပီးငွေတန်ဖိုး သိသိသာသာ ကျဆင်းသွားခြင်းကြောင့် ရရှိလာသော အကျိုးအမြတ်များကြောင့်ဖြစ်ကြောင်း သိရသည်။ အမေရိကန်ဈေးကွက်တွင် အခွန်တိုးမြှင့်ခံရမှုကြောင့် အချို့သောလုပ်ငန်းများ ဆုံးရှုံးမှုရှိသော်လည်း ယခုဘဏ္ဍာနှစ်အတွင်း စုစုပေါင်းတင်ပို့မှုပမာဏမှာ ၆ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းခန့်အထိ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ လာမည့်ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ပို့ကုန်ပမာဏမှာ ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ ဆက်လက်တိုးတက်ဖွယ်ရှိကြောင်း သိရပြီး အထူးသဖြင့် အမေရိကန်နိုင်ငံတွင် အခွန်နှုန်းထားများမှာ အခြားပြိုင်ဘက်နိုင်ငံများကဲ့သို့ ၁၅ ရာခိုင်နှုန်းဝန်းကျင်အထိ လျော့ကျလာနိုင်သည်ဟု ယူဆရသောကြောင့် ဝယ်လိုအား ပိုမိုမြင့်တက်လာမည်ကို မျှော်မှန်းကာ မွေးမြူရေးသမားများက ပုစွန်ထုတ်လုပ်မှု မြှင့်တင်လာခြင်းက အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဈေးကွက်သစ်များသို့ တိုးချဲ့ခြင်းကလည်း တိုးတက်မှုကို အားပေးမည်ဖြစ်သည်။ အခွန်လျှော့ချမှုမှ ရရှိလာသော အကျိုးကျေးဇူးများကို ဝယ်ယူသူများထံသို့သာ ပြန်လည်ပေးအပ်ရဖွယ်ရှိသောကြောင့် လုပ်ငန်းလည်ပတ်မှု အမြတ်အစွန်းမှာ ယခုနှင့် လာမည့်ဘဏ္ဍာ နှစ်များတွင် ၇ ရာခိုင်နှုန်းမှ ၇ ဒသမ ၅ ရာခိုင်နှုန်းခန့်၌သာ တည်ငြိမ်နေမည်ဖြစ်ကြောင်း သိရသည်။ လုပ်ငန်းလည်ပတ်မှုအရင်းအနှီး လိုအပ်ချက်တွင် ယာယီ မတည်ငြိမ်မှုများ ရှိနိုင်သော်လည်း ရေရှည်ကြွေးမြီ နည်းပါးခြင်းကြောင့် ပို့ကုန် လုပ်ငန်းရှင်များ၏ ငွေကြေးခိုင်မာမှုမှာ တည်ငြိမ်နေမည်ဖြစ်ကြောင်း သိရသည်။

လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်များ (FTAs)၊ လျင်မြန်သော ခွင့်ပြုချက်များနှင့် ကုန်ပစ္စည်းအရည်အသွေး ကောင်းမွန်ခြင်းတို့ကြောင့် ရုရှားနှင့် ဥရောပသမဂ္ဂ (EU) ဈေးကွက်များသို့ ပိုမိုဝင်ရောက်နိုင်ခြင်းက အိန္ဒိယပုစွန်လုပ်ငန်းကို နယ်ပယ်စုံသို့ ဖြန့်ကြက်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**Source: The Edge Malaysia၊ ညီမင်းထက် DOCA (ရန်ကုန်)**





# ဧရာဝတီတိုင်းဒေသကြီး ပို့ကုန်ကဏ္ဍ တိုးမြှင့်ရေးနှင့် ပြည်ပပို့ကုန် သီဟိုဠ်ဈေးကွက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ရေမြေသဘာဝရာသီဥတုပေါ်မူတည်၍ ပြည်တွင်းစားသုံးရန်နှင့် ပြည်ပသို့တင်ပို့ရန် ဆန်၊ စပါး၊ ပဲမျိုးစုံ၊ လယ်ယာကိုင်းကျွန်းသီးနှံ၊ သစ်သီးဝလံမျိုးစုံ၊ စားဖိုဆောင်သီးနှံ၊ ဟင်းသီး ဟင်းရွက်မျိုးစုံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ နှစ်ရှည်သီးနှံ၊ သစ်တောထွက်ပစ္စည်းများ အမယ်များစွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင် သီဟိုဠ်ကိုလည်း စိုက်ပျိုးလျက်ရှိရာ သီဟိုဠ်ကို မူရင်းဒေသ တောင်အမေရိကတိုက်ရှိ ဘရာဇီးနိုင်ငံ မြောက်ပိုင်းတွင် စတင်စိုက်ပျိုး၍ အိန္ဒိယနိုင်ငံနှင့် အာဖရိကနိုင်ငံများသို့ လည်း ပျံ့နှံ့စိုက်ပျိုးခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်းသို့ သီဟိုဠ်ကျွန်းမှ ဝင်ရောက်လာပြီး ၁၉၈၈ ခုနှစ်မတိုင်မီ အနည်းအကျဉ်းသာ စိုက်ပျိုးခဲ့သော်လည်း ၎င်းနောက်ပိုင်းကာလများတွင် ရခိုင်ကမ်းရိုးတန်း၊ တနင်္သာရီကမ်းရိုးတန်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း ရေ၊ မြေရာသီဥတုနှင့် ကိုက်ညီမှုရှိ၍ အောင်မြင်ဖြစ်ထွန်းပြီး တိုင်းအတွင်း သီဟိုဠ်စိုက်ဧက ၆၆၅၂၉ ဧက ရှိပြီး တစ်ဧကလျှင် ၂၃၄ ပိဿာခန့် ထွက်ရှိ၍ စုစုပေါင်းအထွက်နှုန်း ပိဿာ ၁၀၀၀၀၀ ဝန်းကျင်ထွက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသထွက်ကုန်များတွင် ပြည်ပပို့ကုန် သီဟိုဠ်ဈေးကွက်မှာ ရာသီ သီးနှံအဖြစ် ဖေဖော်ဝါရီလကုန်နောက်ဆုံးပတ်မှစတင်၍ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိပြီး မတ်လပိုင်းမှာ သီဟိုဠ် လှိုင်လှိုင်ပေါ်သည့်အချိန်ဖြစ်ကြောင်း၊ သီဟိုဠ်ရာသီမှာ မိုးမရွာမီအချိန်အထိ ဈေးကွက်တွင်အရောင်းအဝယ်ဖြစ်၍ မေ၊ ဇွန်လများတွင် မိုးဖြိုင်ဖြိုင် ရွာသွန်းပါက ဈေးကွက်တွင် အရောင်းအဝယ်မဖြစ်တော့ဘဲ သီဟိုဠ်ရာသီ ပြီးဆုံးသွားကြောင်း၊ ယခင်နှစ်သီဟိုဠ်ကုန်ကြမ်း တစ်ပိဿာ ကျပ် ၅၀၀၀ ဈေးရှိပြီး ယခုနှစ်တွင် သီဟိုဠ် တစ်ပိဿာလျှင် ကျပ် ၇၅၀၀ ဈေးရရှိသည့်အတွက် ယခင်နှစ်ထက် တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ဈေးပိုမိုရရှိပြီး သီဟိုဠ်တောင်သူများ တွက်ခြေကိုက်လျက်ရှိကြောင်း ပုသိမ်မြို့ပေါ်ရှိ သီဟိုဠ်အဝယ်ဒိုင်မှ သိရသည်။

သီဟိုဠ်ကို ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်နှင့် မြောင်းမြခရိုင်တို့တွင် အများဆုံးစိုက်ပျိုးလျက် လပွတ္တာခရိုင်နှင့် ဖျာပုံခရိုင်တို့တွင်လည်း စိုက်ပျိုးမှုရှိကြောင်းသိရသည်။ ပုသိမ်မြို့နယ်နှင့် သာပေါင်းမြို့နယ်ထွက် သီဟိုဠ်သီဟိုစေ့မှာ အစေ့ကြီးပြီး ရေကြည်မြို့နယ် ထွက်သီဟိုဠ်မှာ အလယ်အလတ်ရှိ၍ မြောင်းမြမြို့နယ်ထွက် သီဟိုဠ်စေ့မှာ အစေ့သေးသော်လည်း အထွက်နှုန်းပို၍ ကောင်းမွန်ပြီး သီဟိုဠ် စတင်စိုက်ပျိုးချိန်မှ ခူးဆွတ်ရသည်အထိ ငါးနှစ် စိုက်ပျိုးရပြီး အပင်သက်တမ်း နှစ် ၆၀ ရှိသဖြင့် ရေရှည်အကျိုးအမြတ်ရရှိသည့် နှစ်ရှည်သီးနှံအမျိုးအစားဖြစ်သည့် သီဟိုဠ် ခူးဆွတ်ခြင်းကို ဖေဖော်ဝါရီလမှ စတင်ခူးဆွတ်၍ မေလမိုးမရွာခင်အထိ ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်၍ မိုးထိလျှင် သီဟိုဠ်စေ့မှာ မူလအရောင်ပျက်ကာ မည်းသွားပြီး ဈေးကွက်တွင်လည်း အရောင်းအဝယ်မဖြစ်တော့ကြောင်း သိရသည်။

သီဟိုဠ်ပေါ်ချိန် ပုသိမ်မြို့တွင် အဝယ်ဒိုင် ၁၀ဒိုင်ခန့်၊ သာပေါင်းမြို့ပေါ်တွင် အဝယ်ဒိုင် သုံးဒိုင်၊ မြောင်းမြမြို့ပေါ်တွင် အဝယ်ဒိုင် နှစ်ဒိုင်နှင့် ရေကြည်မြို့ပေါ်တွင် အဝယ်ဒိုင် နှစ်ဒိုင်ဖြင့် ဝယ်ယူလျက်ရှိသည်။

ဝယ်ယူရရှိသော သီဟိုဠ်ကုန်ကြမ်းများကို ရန်ကုန်မြို့သို့ အဓိကတင်ပို့၍ ပုသိမ်မြို့နှင့် ရေကြည်မြို့တို့တွင် သီဟိုဠ်စေ့ကုန်ချောပြုလုပ်၍ ပြည်တွင်းဈေးကွက်နှင့် Export ဈေးကွက် အဖြစ် တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ ရန်ကုန်မှတစ်ဆင့် တင်ပို့ရောင်းချ လျက်ရှိကြောင်း သိရသည်။ သီဟိုဠ်စေ့ကို တန်ဖိုးမြှင့် စားသောက်ကုန်အဖြစ် ချောကလက်၊ ရေခဲမုန့်၊ ထိုးမုန့်၊ ကိတ်မုန့်အမျိုးမျိုး၊ မုန့်မျိုးစုံ ယိုမျိုးစုံ၊ ဒန်ပေါက်နှင့် ဟိုတယ်စာအဖြစ်နှင့် မုန့်အမျိုးမျိုးတို့တွင် ပါဝင်အသုံးပြုလျက်ရှိပြီး သီဟိုဠ်စေ့တွင် Vitamine-E ပါဝင်သဖြင့် ပြည်ပနိုင်ငံများတွင် ဆံပင်၊ အသား အရေလှပသည့် မိတ်ကပ်အကူပစ္စည်း၊ ခေါင်းလိမ်းဆီ ထုတ်လုပ်ရာနှင့် အိန္ဒိယနိုင်ငံတွင် သီဟိုဠ်စေ့အခွံ ကို သင်္ဘောဆေးလုပ်ငန်းတွင် ကုန်ကြမ်းအဖြစ် အသုံးပြုလျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း သီဟိုဠ်စိုက်ပျိုးသော ဧကများစွာရှိပြီး ဆက်စပ်နေရာများတွင် စိုက်ပျိုးနိုင်ခြင်း၊ မြေလွတ်မြေရိုင်းများရှိနေခြင်း၊ နေရာမရွေး စိုက်ပျိုးနိုင်ပြီး အထွက်နှုန်းသင့် တင့်ကောင်းမွန်၍ ပြည်တွင်း/ပြည်ပဈေးကွက် ဝယ်လိုအားရှိသည့်အတွက် ကုန်ကြမ်းအဆင့်မှ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တိုးမြှင့်ထုတ်လုပ်၍ ပုဂ္ဂလိကကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုမှ ပို့ကုန်ကဏ္ဍတိုးမြှင့် တင်ပို့နိုင်ရန်အတွက် တိုင်းသီဟိုဠ်အသင်းကို စည်းမျဉ်းများနှင့်အညီ ကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းပြီး ဧရာဝတီ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တစ်ဆင့် နောက်ပိုင်းတွင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အသင်းကြီးနှင့်လည်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့် One Village One Product ကဲ့သို့ ပို့ကုန်အမယ်သစ်အဖြစ် ပြည်ပဈေးကွက် ပိုမိုထိုးဖောက်နိုင်ရန် တိုင်းဒေသကြီး သီဟိုဠ်လုပ်ငန်းရှင်များအသင်း၊ သီဟိုဠ်စိုက်တောင်သူများ၊ ဒေသအာဏာပိုင် သက်ဆိုင်ရာဌာနဆိုင်ရာများပါဝင်၍ သီဟိုဠ်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပပို့ကုန်မြှင့်တင်ရန် အားလုံးဝိုင်းဝန်းပါဝင်ကြိုးပမ်းရေးကို ရှေးရှုပြီး ရေးသားလိုက်ရပါသည်။ **မင်းမင်းဦး(ပသ)**

## ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ် ဧပြီ ၂ ရက်တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ နှိုင်းယှဉ်ရာ၌ မတ်ပဲတစ်တန်ဈေးနှုန်းမှာ ၂၀၂၅ ခုနှစ်တွင် ကျပ် ၃၀၀၈၀၀၀ ရှိရာမှ ၂၀၂၆ ခုနှစ်တွင် ကျပ် ၃၁၀၀၀၀၀ သို့လည်းကောင်း၊ ပဲစင်းငုံ တစ်တန်ဈေးနှုန်းမှာ ၂၀၂၅ ခုနှစ်တွင် ကျပ် ၃၀၀၀၀၀၀ရှိရာမှ ၂၀၂၆ ခုနှစ်တွင် ကျပ် ၃၀၈၃၀၀၀ သို့လည်းကောင်း၊ ပဲတီစိမ်း တစ်တန်ဈေးနှုန်းမှာ ၂၀၂၅ ခုနှစ်တွင် ကျပ် ၃၃၈၀၄၀၀ ရှိရာမှ ၂၀၂၆ ခုနှစ်တွင် ကျပ် ၃၄၂၉၄၀၀ သို့လည်းကောင်း အသီးသီး ဈေးမြင့်တက်သွားပြီး ပဲလွမ်းဖြူအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ၂၄၃၁၂၀၀ ကျပ်ရှိရာမှ ၂၀၂၆ ခုနှစ်တွင်လည်း ၂၄၀၀၆၀၀ ကျပ်သို့လည်းကောင်း ဈေးကျဆင်းလျက်ရှိသည်ကို တွေ့ရှိရသည်။

လက်ရှိတွင် အိန္ဒိယအစိုးရ နိုင်ငံခြားကုန်သွယ်မှုအထွေထွေညွှန်ကြားမှုဦးစီးဌာနက ပဲစင်းငုံနှင့် မတ်ပဲကို လွတ်လပ်စွာတင်သွင်းခွင့် မူဝါဒအား ၂၀၂၇ ခုနှစ် မတ်လ ၃၁ ရက်အထိ သက်တမ်းတိုးလိုက်သည့်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ပဲစင်းငုံနှင့် မတ်ပဲတို့အတွက် ဈေးကွက်အခွင့်အလမ်းများ ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် ပဲစင်းငုံနှင့် မတ်ပဲအား စီးပွားဖြစ်ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ဇာစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၅ ခုနှစ် နှင့် ၂၀၂၆ ခုနှစ်တို့၏ ဧပြီလ ၂ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**


၂.၄.၂၀၂၆

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၅ ခုနှစ် နှင့် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းကာလတူနှိုင်းယှဉ်ချက်

ရေတွက်ပုံ- တန်/ကျပ်

| စဉ် | လအမည် | မတ်ပဲ | ပဲစင်းငုံ | ပဲတီစိမ်း | ပဲလွမ်းဖြူ |
|---|---|---|---|---|---|
| ၁ | ၂၀၂၅ ( ဧပြီလ) | ၃၀၀၈၀၀၀ | ၃၀၀၀၀၀၀ | ၃၃၈၀၄၀၀ | ၂၄၃၁၂၀၀ |
| ၂ | ၂၀၂၆ (ဧပြီလ) | ၃၁၀၀၀၀၀ | ၃၀၈၃၀၀၀ | ၃၄၂၉၄၀၀ | ၂၄၀၀၆၀၀ |

စစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၅ ခုနှစ် နှင့် ၂၀၂၆ ခုနှစ် တို့၏ ဧပြီလ ၂ ရက်နေ့တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။




Rain Flower
HIGH-QUALITY
FIRE PROTECTION
6 Years Warranty
Hotline - 09 777048100~105


MAX ENERGY
Excellence • Quality • Trust
MAX
အကောင်းဆုံးကိုသာ
ရွေးချယ်သူများအတွက်
MAX ENERGY
www.maxenergy.com.mm
info@maxenergy.com.mm

# Natural Farm Fresh Myanmar Co., Ltd.

ကျန်းမာရေးသည် အဓိက
ယုံကြည်စိတ်ချ ထာဝရ

**Safe Food, Better Life**

Product of Myanmar



Manufactured by cutting - edge solar dryer technology & a regenerative drying method

Tel: +959 50 11 836 / +959 785 011 836

No. 74, Hantharwaddy 22nd Street, 6th Block, South Okkalapa Township 11091, Yangon, Myanmar




Plot No.20/21, Thilawa Port Development Zone,
Kyauktan Township, Yangon, Myanmar.
Ph : +959 33162666


GLOBAL EARTH
AGRO & AQUA INDUSTRY PUBLIC COMPANY LIMITED
Pangasius Fillet well Trimmed
Pangasius GT
Pangasius Skin On
Ayeyarwady Silver Dory
၂၀၂၅
ဒေသတခု၊ ထုတ်ကုန်တခု
ဧရာဝတီတိုင်းဒေသကြီး
မှထွက်ရှိသော ထုတ်ကုန်များ
Butterfly Pangasius
Pangasius Steak
FISH SKIN
Crispy Fish Skin
Sausage, Fish Ball, Fish Slice
Pantanaw Township, Ayeyarwady Region.
Ph - 09 987 945 549, 09 941 985 196


MEGA We care
" အမျိုးသမီးတိုင်းအတွက်
နေ့စဉ်မရှိမဖြစ်
ဖယ်ရိုဗစ် "
FERROVIT
MEGA We care
FERROVIT
Iron, Folic Acid and
Vitamin B12 Formula
သွေးအားနည်းခြင်းအတွက် သံဓာတ်အားဖြည့်ဆေး


MEGA We care
ကောင်းမွန်တဲ့အသည်း ပြည့်စုံတဲ့ဘဝအတွက် လစ်ဗိုလင်ဖို့
LIVER CARE
MEGA We care
LIVOLIN
Forte
Hepatotonic
Phospholipids with Vitamins
အသည်းအားဆေး
အသည်းကိုပြန်လည်အားဖြည့်ပေးခြင်း
အသည်းကိုကာကွယ်ပေးခြင်း
အဆိပ်အတောက်များကိုဖယ်ရှားပေးခြင်း